

# မြန်မာ့သတင်းထောက်များလက်စွဲစာစောင်

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့
သတင်းနှင့်စာနယ်ဇင်းသင်တန်း။ ၂၀၀၄ ခုနှစ် နိုဝင်ဘာလ

For every child
Health, Education, Equality, Protection
ADVANCE HUMANITY

unicef

# ဇာတ်လမ်းတစ်ပုဒ်ကိုကြိုတင်ပြင်ဆင်ခြင်း

၁၊ ဒါ သတင်းလား၊

ဇာတ်လမ်းတစ်ပုဒ်အား "သတင်း" ဖြစ်အောင် လုပ်နိုင်သော အရာများ ကို စာရင်းချဖော်ပြထားပါသည်။

ဤအခြေခံအချက်အလက်များ သည် အသားပေးဖော်ပြချက် (ဝါ) သတင်းဆောင်းပါးတစ်ပုဒ်ကို

ရေး သားရာတွင် လည်း အသုံးပြုအပ်သော အချက်အလက်များ ဖြစ်ပါသည်။ ဇာတ်လမ်းတစ်ပုဒ်အား

ရေး သားရန် ကြည့်ရှုနေသည် ဖြစ်လျှင် ဆောင်ရွက်ရမည့် စာရင်းကို တစ်ခုချင်း ကြည့်ပါ။ ပါဝင်သော

စာရင်းမှ မေးခွန်းများ အနက် တစ်ခုနှစ် ခုကို "အင်း" ဟု ဖြေနိုင်နေသင့်ပါသည်။ ဇာတ်လမ်းကောင်း

တစ်ပုဒ်တွင် "အင်း"ဟု ဖြေနိုင်သော မေးခွန်းမှာ သုံးခု၊ သို့ မဟုတ် သုံးခုထက် ပိုနေပါလိမ့်မည် ။

ကိုယ့်ကိုယ်ကိုယ်မေးကြည့်ပါ။

၁။ သာမန်တို့ ၏ ဘဝများ ကိုထိုကိစ္စက ရိုက်ခတ်မှု ရှိပါသလား။ သည်ကိစ္စကို ဘယ်သူစိတ်ဝင်စား

ပါသလဲ။ မည် သည့်နေရာမှ လူမည် မျှက စိတ်ဝင်စားပါသလဲ။ ဤသတင်းက သူတို့၏ ဘဝများ ကို

မည် သို့ ဖြစ်သွားစေမည် လဲ။

၂။ ထိုကိစ္စသည် တစ်မူထူးခြားနေပါသလား။ ထိုကိစ္စမျိုး ခဏခဏ

ဖြစ်တတ်ပါသလား။

ဘယ်လောက်နေလျှင် တစ်ခါ ဖြစ်တတ်ပါသလဲ။ လူတွေ ပြောဆိုနေကြသော ကိစ္စမျိုး လား။

၃။ ထင်ပေါ်ကျော်ကြားသော လူပုဂ္ဂိုလ်၊ သို့ မဟုတ် အကြောင်းအရာတစ်ခုခု ပါဝင်ပတ်သက်

နေပါသလား။ လူသိများ သော လူပုဂ္ဂိုလ်များ ၊ သို့ မဟုတ် အဖွဲ့ အစည်းများ သည် ဇာတ်လမ်းထဲတွင်

ပါဝင်နေကြပါသလား။

၄။ ထိစပ်မရောရှိပါသလား။ ဖြစ်ရပ်သည် မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့ခြင်းပါလော။ သို့ မဟုတ်

ထိုင်းနိုင်ငံ၊ အာရှတိုက်တို့ကဲ့သို့ စာဖတ်သူများ အတွက် စိတ်ဝင်စားနိုင်သော ဒေသမျိုး တွင်

ဖြစ်ပွားခဲ့ပါသလား။

၅။ အချိန်မပါရဲ့ လား။ ယနေ့ ဖြစ်သွားတာလား၊ မနေ့က ဖြစ်ခဲ့တာလား။ အရင်တစ်ပတ်က ဖြစ်ခဲ့

တာလား။

၆။ အင်တိုက်အားတိုက် ဖြစ်သွားခဲ့တာ ဟုတ်ပါရဲ့လား။ အုပ်စုများ း၊ သို့ မဟုတ်လူပုဂ္ဂိုလ်းများ ကြား

တွင် လုပ်ရှားမှု ဖြစ်စေ၊ တင်းမာမှု ဖြစ်စေ၊ သဘော ထားကွဲလွဲမှု ဖြစ်စေ ဖြစ်ပွားခဲ့ပါသလား။

လျို့ ဝှက်ထွေပြားသော ကိစ္စလား။ သို့ မဟုတ် သည်းထိတ်ရင်ဖိုစရာ

မထိတ်သာမလန့်သာ

ကိစ္စမျိုး လား။

၇။ ဖြေဖျော်မှုပေးနိုင်စွမ်းပါရဲ့လား။ ထိုကိစ္စကလူတို့အတွက်
စိတ်ဝင်စားစရာသော် လည်းကောင်း၊

အပျင်းပြေစရာသော် လည်းကောင်း၊ ပြုံး ရယ်စရာသော် လည်းကောင်း
ဖြစ်နေပါသလား။

သတင်းပို့ သတင်းရေး တော့မည် ဆိုလျှင် ဤမေးခွန်းများ ကို နှလုံးသွင်းထားပါ။
သတင်းတန်ဖိုးရှိသော

အပိုင်းအစများ ကို တွေ့ရှိလာသည်နှင့် အမျှဇာတ်လမ်းကောင်းတစ်ပုဒ်သည်
ပိုကောင်းလာတတ်ပါသည်။

၂။ ဖြေဆိုရမည့် အခြေခံမေးခွန်းများ ကား အဘယ်သို့ နည်း၊

မည် သည့် ဇာတ်လမ်းအတွက်မဆို အခြေခံမေးခွန်းများ ကား အတူတူပင်
ဖြစ်သည်။ ဘယ်သူ၊ ဘာ၊

ဘယ်နေရာ၊ ဘယ်တုန်းက၊ ဘာ့ကြောင့် ၊ ဘယ်လို၊ ဘယ်ရွေ့ဘယ်မျှ၊
ဘယ်လောက်များများ စသည်

တို့ပင် ဖြစ်သည်။ စာနယ်ဇင်းပညာတွင် ''ဘကုန်း ခြောက်လုံး'' ဟု လူသိများ
ပေသည်။

အဆိုပါ ဝေါဟာရတစ်လုံးတည်းပါ မေးခွန်းတစ်ခုစီမှာ ထောင့်ပေါင်းများ စွာ
ပါရှိနေပါသည်။ အထင်ရှားဆုံး

မေးခွန်းများ ကို ဖြေဆိုနိုင်ရုံမျှဖြင့် သတင်းပို့ခြင်း၊ သတင်းရေး ခြင်းအလုပ်
အထမြောက်အောင်မြင်လေပြီဟု

မယူဆပါနှင့် ။ ဤအခြေခံမေးခွန်းများ သည် မိမိ၏ ခေါင်းထဲတွင် အခွေလိုက်၊ အခွေလိုက် အထပ်ထပ်

ပေါ်နေသင့်ပါသည်။ အဖြေတစ်ခုစီ၏ နောက်ထပ် မေးစရာတွေ ထပ်၊ ထပ်ပေါ်လာကောင်း ပေါ်လာနိုင်

ပါသေးသည်။

ဘာ၊ ဤမေးခွန်း၌ ကြိယာတစ်ခုခု ပါဝင်ပတ်သက်နေလေ့ရှိပေသည်။ တစ်ယောက် ယောက် နိုင်သွား

တာ၊ သေသွားတာ၊ ရောင် းလိုက်တာ၊ အခိုင်အမာပြောလိုက်တာ၊ တစ်ခုခုကို သဘောတူလိုက်တာ

စသည်တို့ပင် ဖြစ်သည်။ ဇာတ်လမ်းအား မောင်းနှင်လျက်ရှိသော ဗဟိုအချက်အချာပင် ဖြစ်သည်။ ထို့အပြင်

ဤအ ဖြစ်အပျက်က ဘာကိုဆိုလိုနေပါသလဲ၊ ဘာက အဓိကအကြောင်းကိစ္စ၊ သို့မဟုတ် အဓိက ပြဿ နာ

လဲ၊ နောက် ဘယ်အဆင့်က ချက်ချင်း ဆက် ဖြစ်မှာ လဲ၊ ဖြစ်နိုင်သော အဖြေတွေနဲ့ ရလာဒ်တွေ က ဘာတွေ လဲ

စသည့် မေးခွန်းများ ကိုလည်း ဆင့်မေးနိုင်ပါသေးသည်။ ''ဘာ'' ဟူသော အစိတ်အပိုင်းကား မည် သည့်

သတင်းဇာတ်လမ်းမျိုး အတွက်မဆို ပထမစာပိုဒ်၊ သို့မဟုတ် အဖွင့်ဝါကျသာ အမြဲတမ်း ဖြစ်နေလေ့ရှိ

ပေသည်။

ဘယ်သူ၊ သတင်းများ ထဲတွင် လူပုဂ္ဂိုလ်များ သာ ပါဝင်နေသည်မဟုတ်ပေ။ အုပ်စုများ ၊ အဖွဲ့အစည်းများ ၊

နိုင်ငံရေး ပါတီများ ၊ အေဂျင်စီများ ၊ ရုံး႑ာနများ သာမက နိုင်ငံတော် များ ပင် ပါဝင်နေတတ်ပါသည်။

ထိုအရာများ အား ''ဘယ်သူ'' ဟု မည် သူမည် ဝါဖော်ပြပေးရာတွင် နာမည် မှူဖြင့် မပြီးဘဲ ရာထူး၊ အသက်၊

အခန်းကဏ္ဍ၊ နေထိုင်ရာဒေသစသည်တို့ပါ ပါဝင်အပ်ပေသည်။ ''ဘယ်သူ'' ဟုဆိုရာ၌ သတင်းတွင်

တိုက်ရိုက်ပတ်သက်နေသမှူဖြင့် သာမကဘဲ အဆိုပါအ ဖြစ်အပျက်၏ သက်ရောက်မှု ကို ခံရသူပါ ပါဝင်

သည်ကို မမေ့ပါနှင့် ။ တရားဝင် ရုံး႑ာနသတင်းဇာစ်မြစ်တိုင်းအတွက် အဆိုပါပုဂ္ဂိုလ်၏ နာမည် အပြည့်အစုံ၊

ရာထူးအတိအကျနှင့် တကွ နောက်ထပ်မေးလိုက မေးနိုင်ရန် ဖုန်းနံပါတ်ကိုပါ ရယူထားသင့်သည်ကိုလည်း

မမေ့ပါနှင့် ။

ဘယ်မှာ ၊ နေရာဟုဆိုရာတွင် ရွာတစ်ရွာ၊ မြို့ တစ်မြို့ ဖြစ်နေနိုင်ပါသည်။ သို့ ရာတွင် ထိုမှူဖြင့် မလုံ

လောက်သေးဘဲ မည် သည့်လမ်း၊ မည် သည့်ရပ်ကွက်၊ ရုံးအဆောက်အအုံ၏ မည် သည့်အထပ် စသည်ဖြင့်

ရေရေရာရာရှိနေဖို့လည်း လိုပါသည်။

အပိုင်း (၁) ဇာတ်လမ်းတစ်ပုဒ်ကို ကြိုတင်ပြင်ဆင်ခြင်းနှင့် ဖန်တီးခြင်း ၅

ဘယ်တုန်းက၊ သတင်းဟူသည် မကြာသေးခင်ကမှ ဖြစ်ပွားခဲ့သည့်အပေါ်တွင် အခြေတည်နိုင်ပါသည်။

ဆိုလိုသည်မှာ မနေ့က၊ သို့မဟုတ် ကနေ့ ဖြစ်သော ကိစ္စကသာ သတင်း ဖြစ်နိုင်ပါသည်။ အတိတ်ကိုလည်း

ဆောင်နိုင်ပါသည်။ ယခင်လက ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်ကို စူးစမ်းသည်မျိုး ဖြစ်သည်။ သို့မဟုတ်

အနာဂတ်အတွက်လည်း ဖြစ်နိုင်ပါသည်။ ဟောကိန်းထုတ်ခြင်း၊ ဘာတွေ ဖြစ်လာမည် ဟု ကြေညာခြင်းမျိုး

များ ဖြစ်သည်။ ပြဿ နာ ဘယ်တုန်းက စ ဖြစ်သလဲ။ စီမံကိန်းက ဘယ်တော့ လက်စသတ်မှာ လဲ။

ဘာ့ကြောင့်၊စာနယ်ဇင်းဆရာ တစ်ယောက် အတွက် အခက်ခဲဆုံးနှင့် အရေး အကြီးဆုံး အလုပ်မှာ

သတင်း ဖြစ်ရပ်များ ကို ရှင်းပြရန်ပင် ဖြစ်လေသည်။ မည် သည့် အကြောင်းရင်းခံများ ၊ စေ့ဆော်မှု များ ၊

အင်အားစုများ ကြောင့် ဖြစ်ရသည်ကို လူအများ က သိလိုကြပေသည်။ နိုင်ငံသားများ အား ပညာပေးရန်

အလို့ငှာ ဘာ့ကြောင့် ဖြစ်ရသည်ကို စူးစမ်းလေ့လာဖော်ထုတ်ပေးရန် လိုအပ်ပေသည်။

ဘယ်လို၊ "ဘယ်လို" ဟူသော မေးခွန်းအား ဖြေဆိုရာတွင် "ဘာ" ဟူသော မေးခွန်းနှင့် ဆက်စပ်နေ

ပေသည်။ မီးက ဘယ်လိုစလောင်တာလဲဆိုတာမျိုး ပင် ဖြစ်သည်။ အနာဂတ်ကိုလည်း "ဘယ်လို" မေးခွန်း

က မှန်းဆပါသည်။ သည်ကိစ္စ၊ သည်ပြဿ နာကို ဘယ်လို ကိုင်တွယ်ဖြေရှင်းနိုင်သလဲဆိုတာမျိုး ၊ စီမံကိန်းကို

ဘယ်လိုဖော်ဆောင်မလဲဆိုတာမျိုးများ ဖြစ်ပါသည်၊ ဤ မေးခွန်း အမျိုးအစားထတဲ ၌ ဘယ်နေ့ဘယ်မျှ

သို့မဟုတ်ဘယ်လောက်များများ တို့လည်း ပါဝင်နေပါသေးသည်။ သတင်းဇာတ်လမ်းတိုင်းလိုလိုတွင်

ကိန်းဂဏန်းက တွဲ ဖက် ပါဝင်နေတတ်လေသည်။ မီးလောင်ပျက်စီးသွားသော အိမ်တန်ဖိုး၊ ကော်ဇောများ

နိုင်ငံခြားသို့ တိုးမြှင့်တင်ပို့နေသည့် ရာခိုင်နှုန်း၊ သစ်ခုတ်မည့် ဧကအရေအတွက်၊ စီမံကိန်းတစ်ရပ်၏

ကုန်ကျစရိတ် စသည်မျိုး များ ပင် ဖြစ်လေသည်။ ကိန်းဂဏန်းများ က ပြဿနာ၏ အတိုင်းအဆကိုရော

ရိုက်ခတ်မှု ကိုပါ ဖော်ကျူး လေ့ရှိပါသည်။ ကိန်းဂဏန်းများ က သတင်းဇာတ်လမ်းကို မလှုပ်နိုင်အောင်

ချုပ်လိုက်နိုင်ပြီး ယေဘုယျရေး သားချက်များ အား အချက်အလက်များ အ ဖြစ်သို့ ရောက်ရှိသွားစေနိုင်

ပါသည်။

၃၊ ဇာတ်လမ်းကဘာအကြောင်းလဲ၊

သတင်းသမားများ စွာ ကြုံရတတ်သော ပြဿ နာက စိတ်ကူးတစ်ခု ပေါ်လာပြီးနောက် ယင်းကို ဇာတ်လမ်း

ဟု ထင်မိခြင်းပင် ဖြစ်လေသည်။ စိတ်ကူးသည် ဇာတ်လမ်းမဟုတ်ခြင်းကို မမေ့အပ်ပေ။ အယူအဆ၊

အတွေးအမြင်သည် ယေဘုယျ အကြောင်းအရာ ခေါင်းစဉ်သာ ဖြစ်လေသည်။ ဥပမာ - မြန်မာနိုင်ငံမှ

နေအိမ်များ နှင့် ပတ်သက်သော ဇာတ်လမ်းတစ်ပုဒ်ကို ရေး ရန် မိမိတွင် စိတ်ကူးပေါ်လာနိုင်ပေသည်။

ထိုအခါ မိမိ၏ စာတည်းက "အဲတော့ ဘာလုပ်ရမှာ လဲ။ အိမ်တွေ နဲ့ ပတ်သက်လို့ ဘာအကြောင်း ပြောမှာ

လဲ။ သတင်းက ဘာသတင်းလဲ"ဟု မေးလာနိုင်စရာ အကြောင်းများ လှပေသည်။

မိမိ၏ စိတ်ကူးကို ပြန်လှန်သုံးသပ်ပြီး ဘာက စိတ်ဝင်စားစရာကောင်းနေသည်ကို တွက်ဆပါ။ ဥပမာ

- ရန်ကုန်က ကွန်ဒိုတိုက်ခန်းများ ၏ ဈေးနှုန်းမှာ အဆမတန် မြင့်တက်ကုန်ပြီလား။ သမိုင်းတွင် အရေး ပါ

သော အိမ်တွေ ရန်ကုန်မှာ နည်းပါးကုန်ပြီလား။ ဤနေရာတွင် ဇာတ်လမ်းအား စိတ်ဝင်စားဖွယ်ကောင်း

လာစေပြီး သတင်းတန်ဖိုးရှိနေစေမည့် သီးခြား အဆာပလာကို ရှာဖွေဖော်ထုတ်ရန်မှာ အဓိက ဖြစ်ပါ

သည်။

မှတ်ချက် - မိမိ၏ စူးစိုက်မှု မှာ သိပ်ကျဉ်းမြောင်းလွန်းနေသည် ဖြစ်လျှင်လည်း မစိုးရိမ်ပါနှင့် ။ အာရုံစိုက်စရာ

အချက်အချာလည်း မပါ၊ စိတ်ဝင်စားစရာ လည်းမကောင်း၊ ရေး စရာလည်း အကြောင်းမရှိလှသော

မြန်မာနိုင်ငံမှ နေအိမ်များ အကြောင်းအား ရေး ရန် ကြိုး စားသည်ထက် တက်ကြွစိုလွင်ပြီး စိတ်ဝင်စား

စရာလည်းကောင်းနေကာ အာရုံစိုက်စရာလည်း အပြည့်ရှိနေသော ရန်ကုန်မြို့ မှ ကွန်ဒိုတိုက်ခန်းများ

စေ့စပ်သည့်အကြောင်းကို ရေး သားခြင်းက ပိုကောင်းပါသည်။

ဇာတ်လမ်းရှိသည်ဟု ဆုံးဖြတ်လိုက်ပြီးသည်နှင့် တစ်ပြိုင်နက်
ထိုဇာတ်လမ်းအကြောင်းကို အနှစ် ချုပ်ဖို့

ကြိုး စားသင့်ပါသည်။ ဆိုလိုသည်မှာ ဇာတ်လမ်း၏ မရှိမ ဖြစ်လိုအပ်သော
ကျောရိုးကို ဖော်ဆောင်လျက်

ရှိသော ၊ သို့ မဟုတ် ဇာတ်လမ်းက ကြိုး စားဖြေဆိုပေးလေမည့် အဓိကမေးခွန်း
ဖြစ်သော ဝါကျတစ်

ကြောင်း ဖြစ်စေ၊ နှစ် ကြောင်း ဖြစ်စေကို ချရေး ရန် ဖြစ်ပါသည်။ ယင်းသို့ ချရေး
ထားသည့်အား မည် သူ့ကိုမျှ

ပြရန် မလိုပါ။ အာရုံစိုက်မိလာစေရန် မိမိဘာသာ
လေ့ကျင့်ခန်းလုပ်ကြည့်ခြင်းသာ ဖြစ်ပါသည်။

မိမိ၏ စာတည်းများ နှင့် ဖြစ်စေ၊ မိမိထက်အတွေ့အကြုံရင့်ကျက်သော
စာနယ်ဇင်းဆရာများ နှင့် ဖြစ်စေ

စကားပြောချင်စိတ်များ လည်း ပေါက်လာနိုင်ပြီး သူတို့၏ ဇာတ်လမ်းများ ကို
ဖြစ်စေ၊ အခြား သတင်း

ထောက်များ ၏ ဇာတ်လမ်းများ ကို ဖြစ်စေ မည် သို့ အာရုံစိုက်ကာ မည် သို့
ပုံဖော်သည်ကို မေးချင်လည်း

မေးနိုင်ပါသည်။ ထိုသို့ ပြောဆိုမေးမြန်းကြည့်မည် ဆိုလျှင် မိမိ၏ ဇာတ်လမ်းကြို
တင်ပြင်ဆင်မှု အတွက်

စိတ်ကူးသစ်များ ထပ်မံရရှိလာနိုင်ပါသည်။

ဇာတ်လမ်းအား အမှန်တကယ် သတင်းပို့၊ သတင်းရေး သည့်အခါတွင်
ဇာတ်လမ်း၏ အာရုံစိုက်မှု က

ပြောင်းကောင်း ပြောင်းသွား နိုင်သည်ကို မမေ့ပါနှင့် ။ မိမိက ထင်တစ်လုံးနှင့်
သတင်းနောက်လိုက်နေ

သည့်တိုင် အချက်အလက်များ နှင့် ပတ်သက်ပြီး သဘောထားကြီးကြီးထားမည်
ဆိုလျှင် မိမိ၏ ထင်ထားသမျှ

တက်တက်စင်အောင် လွဲနေသည်နှင့် လည်း ကြုံရကောင်း ကြုံနိုင်ပါသည်။

၄၊ ဇာတ်လမ်းအတွက် =ဖစ်နိုင်သော သတင်းဇာစ်=မစ်တွေ က ဘယ်သူတွေ လဲ၊

ဗဟိုစနစ်ကျင့်သုံးသည့်နိုင်ငံများ တွင် သတင်းဇာတ်လမ်းအများ စုမှာ
တာဝန်ရှိသူများ ၊ သို့ မဟုတ် တရားဝင်

သတင်းဇာစ်မြစ်များ က ပြောသည့်အပေါ်တွင် အခြေခံကြရပေသည်။
ဤလမ်းစဉ်မျိုး ကို မလိုက်ဘဲ

စိတ်ဝင်စားစရာလည်းကောင်း၊ ပါးလည်း ပါးနပ်လှသည့် နည်းလမ်းများ ကို
ရှာဖွေဖော်ထုတ်ပြီး သတင်း

ဇာစ်မြစ်အမျိုး မျိုးပေါ်တွင် အခြေခံ၍ သတင်းဇာတ်လမ်းများ ကိုရေး ပါ။

တွေ့ဆုံ မေးမြန်းခြင်းများ ပြုလုပ်ရန် စိတ်ကူးသည့်အခါ အသုံးပြုနိုင်သည့်
ဆောင်ရွက်ရမည့် စာရင်းအ ဖြစ်

အသုံးပြုနိုင်သော သတင်းဇာစ်မြစ်အချို့ ကို အောက်တွင် အမျိုး အစားခွဲလျက်
ဖော်ပြထားပါသည်။

အပိုင်း (၁) ဇာတ်လမ်းတစ်ပုဒ်ကို ကြိုတင်ပြင်ဆင်ခြင်းနှင့် ဖန်တီးခြင်း ၇

အစိုး၇ သတင်းဇာစ်=မစ်များ - ရန်ကုန်မြို့ မှ ဝန်ကြီးများ ကိုသာ မစဉ်းစားပါနှင့်
။ ဌာနများ ၊ တက္ကသိုလ်

များ နှင့် တရားရုံးများ သည်လည်း အစိုးရသတင်း ဇာစ်မြစ်များ ပင် ဖြစ်ပါသည်။

ထို့အပြင် အသုံးအဝင်ဆုံး

သတင်းအချက်အလက်ကို ကိုင်ဆောင်ထားကြသူများ မှာ ထိပ်တန်းအရာရှိကြီးများ မဟုတ်ဘဲ အစိုးရ

အလုပ်များ ကို ကိုယ်တိုင်ကိုယ်ကျ ထမ်းဆောင်နေသော ပညာရှင်များ ဖြစ်နေစရာ အကြောင်းများ ပါသည်။

ဥပမာ - လူထုကျန်းမာရေး ကာကွယ်စောင့်ရှောက်မှု ကို တာဝန်ယူဆောင်ရွက်နေသည့် အရာရှိသည်

ကျန်းမာရေး ဝန်ကြီးထက် လမ်းဘေး စားသောက်ဆိုင်များ ၏ ကျန်းမာရေး နှင့် ညီညွတ်စွာ သန့်ရှင်းမှု

ရှိ၊ မရှိကို ပိုသိနေနိုင်ပါသည်။

နိုင်ငံခြားသတင်းဇာစ်မြစ်များ - သံရုံးများ တွင် နိုင်ငံခြားအစိုးရများ ပါဝင်ပတ်သက်နေသော

သတင်းဇာတ်လမ်းများ တွင် မှတ်ချက်ပေးနိုင်သည့် ပြောရေး ဆိုခွင့်ရှိသူများ ထားရှိတတ်ကြပါသည်။

ထို့အပြင် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော အစီအစဉ်များ အတွက် နိုင်ငံခြားမှ ဘဏ္ဍာငွေ

ထောက်ပံ့ထားသည့်အဖွဲ့အစည်းများ လည်း ရှိပါသည်။ ထိုမျှမကသေး မြန်မာနိုင်ငံတွင် နေထိုင်ကာ

အလုပ်လုပ်လျက်ရှိကြသူ နိုင်ငံခြားသားများ သည်လည်း သူတို့၏ သဘောထားအမြင်ကိုလည်းကောင်း၊

အခြားနိုင်ငံများ နှင့် နှိုင်းယှဉ်ချိန်ထိုးလျက်ကလည်းကောင်း မိမိကို ပြောပြနိုင်ကြပါလိမ့်မည် ။

အစိုးဂုမဟုတ်သော အဖွဲ'အစည်းများ (NGOs) - ဤအမျိုး အစားတွင် အစိုးရနှင့် မသက်ဆိုင်ဘဲ အစီအစဉ်

များ ကို ဆောင်ရွက်လျက်ရှိသည့် နိုင်ငံခြားမှရော၊ ပြည်တွင် းမှပါမကျန် အားလုံးသော အဖွဲ့အစည်းများ

ပါဝင်လျက်ရှိပါသည်။ နမူနာပြရလျှင် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်) နှင့် ကုလသမဂ္ဂ

ဖွံ့ဖြိုး မှု အစီအစဉ်တို့ ဖြစ်သည်။ ရန်ကုန်ရှိ ကုလသမဂ္ဂအဖွဲ့အစည်းအများ စုမှာ အလွန်အကူအညီပေး

တတ်ကြ သည်။ အရင်းအမြစ်များ လည်း အထူးပင်ကောင်းမွန်ကြသည်။ ထို့အပြင် ထိုအဖွဲ့အစည်းများ မှ

လူပုဂ္ဂိုလ်များ ကလည်း ကူညီလိုစိတ်ရှိကြပါသည်။ ယူနီဆက်မှပုဂ္ဂိုလ်များ သည် သတင်းဇတ်လမ်းအတွက်

ဆိုလျှင် အထူးကူညီတတ်ကြပါသည်။ ဆောင်းပါးများ ရေး သားရာတွင် မိမိအား ကူညီလိုစိတ်အပြည့်ရှိ

သည့် အခြားအစိုးရမဟုတ်သော အဖွဲ့အစည်းများ စွာ လည်း ရှိနေပါသေးသည်။

စီးပွားရေး လောကမှ သတင်းဇာစ်မြစ်များ - ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းများ မှာလည်း အရေး ပါလှပါ

သည်။ သူတို့ကို ဖြစ်စေ၊ သူတို့၏ ထင်မြင်ယူဆချက်များ ကို ဖြစ်စေ မျက်စိမလျှမ်းပါစေနှင့် ။

ပညာရပ်ဆိုင်ရာကျွမ်းကျင်သူ သတင်းဇာစမြစ်များ - တက္ကသိုလ် ပါမောက္ခများ ၊ အခြားပညာရှင်များ ၊

အငြိမ်းစား ပညာရှင်များ ၊ ဆေးရုံများ မှ အထူးကု ဆရာဝန်များ ကဲ့သို့

အခြားနယ်ပယ်အသီးသီးမှ ပညာရပ်

ဆိုင်ရာ ကျွမ်းကျင်သူများ ပါဝင်ပါသည်။

လူမဂ္ဂအုပ်စုများ - ကိုယ်ရေး ကိုယ်တာကိစ္စအတွက်ရော အသက်မွေးမှု အတွက်ပါ လူတို့သည် အဖွဲ့

အစည်းများ ကို ဖွဲ့စည်းလေ့ရှိတတ်ကြပါသည်။ ဥပမာအချို့ မှာ မသန်စွမ်းသူများ အဖွဲ့အစည်း၊ စာရေး

ဆရာသမဂ္ဂများ ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ အုပ်စုများ ၊ အမျိုးသမီးအဖွဲ့များ ၊ ဒေသဆိုင်ရာ

ဗလီများ ၊ ခရစ်ယာန်ဘုရားကျောင်းများ ၊ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများ ဖြစ်ပါသည်။

မျက်မြင်သက်သေများ - အဆောက်အအုံ ပြိုကျခြင်း၊ ဘတ်(စ်)ကား တိုက်ခြင်းကဲ့သို့ ဖြစ်ရပ်ကို မြင်လိုက်

သူများ ၊ ရာဇဝတ်မှု တစ်ခုခုတွင် သားကောင် ဖြစ်သွားရသူများ မှာ သတင်းအချက်အလက်အတွက် အရေး

ကြီးသော ဇာစ်မြစ်များ ဖြစ်ပါသည်။

လမ်းပေါ်အဆင့်/သာမန်လူများ - သာမန်နိုင်ငံသားများ အား မိမိ၏ သတင်းဇာတ်လမ်းတွင် ထည့်သွင်း

သင့်၊ မသင့်ကို အမြဲတမ်း စဉ်းစားပါ။

တိုက်ရိုက်လေ့လာစူးစမ်းခြင်း - တစ်ခုခု ဖြစ်ပွားသည်ကို သတင်းထောက်ကိုယ်တိုင် မျက်ဝါး ထင်ထင်

မြင်ရသည် ဖြစ်လျှင် ထိုသတင်းထောက်ကိုယ်တိုင်မှာ သတင်းအချက်အလက်

ဇာတ်မြစ် ဖြစ် သွားပါသည်။

ဥပမာ - ဆေးဝါးအသစ်ဖြင့် ဖြစ်စေ၊ နည်းပညာအသစ်ဖြင့် ဖြစ်စေ ဆရာဝန်က ဆေးကုသပေးသည်ကို

စောင့်ကြည့်ခြင်းမျိုး စသည်တို့ပါဝင်ပါသည်။

မီဒီယာဇာတ်မြစ်များ - ပုံမှန်အားဖြင့် အခြားသတင်းစာများ ၊ မဂ္ဂဇင်းများ ၊ အသံလွှင့် သတင်းအဖွဲ့ အစည်း

များ မှ သတင်းအချက်အလက်များ ကို တိုက်ရိုက်ယူသုံးမိမည် တော့ မဟုတ်ပါ။ သို့ ရာတွင် ထိုမီဒီယာ

များ တွင် ပါရှိသော ဇာတ်လမ်းများ က မိမိ၏ တွေ့ ဆုံမေးမြန်းခြင်းများ အတွက် အသုံးပြုနိုင်သော နောက်ခံ

ဇာတ်လမ်းများ ကို ဖြစ်စေ၊ သတင်းအချက်အလက်များ ကို ဖြစ်စေ ရရှိလာနိုင်ရေး အတွက် မိမိကိုယ်တိုင်

မည် သူ့အားဆက်သွယ်ရမည် ကို စိတ်ကူးပေါ်လာစေနိုင်ပါသည်။ ဖြစ်တောင့် ဖြစ်ခဲ အခြေအနေများ ၌

လည်း မိမိအနေဖြင့် သတင်းအချက်အလက်များ ကို အခြားနည်းဖြင့် မည် သို့ မျှ မရရှိနိုင်တော့လျှင် ဖြစ်စေ၊

မိမိတွင် သတင်းအချက်အလက်အများ ဆုံးရှိနေသော သတင်းဇာတ်လမ်းအတွက် လိုအပ်သော သတင်း

အချက်အလက်ကို ထပ်မံဖြည့်စွက် ရာတွင် ဖြစ်စေ၊ အခြားမီဒီယာများ ၏ အဆို၊ သို့ မဟုတ် ကိန်းဂဏာန်းကို

အသုံးပြုကောင်း ပြုရဖွယ်ရှိပါသည်။ သို့ ဖြစ်သည့်အခါ ထိုသတင်းအချက်အလက်ကို ရရှိလာခဲ့သော

မိဒီယာဇာစ်မြစ်ကို အရင်းအတိုင်း ပြန်လည်ဖော်ထုတ်ပြကြရမည့် သာ ဖြစ်သည်။

၅၊ သတင်းဇာတ်လမ်းက နိုင်ငံတကာစံများ ကို ဘယ်လိုမီနိုင်ပါသလဲ၊

၁။ ခိုင်လုံမှု - အကြောင်းအရာကို ကောင်းစွာ သိရှိထားလေသည့် သတင်းဇာစ်မြစ်များ ကို အသုံးပြု

ပါ။ မိမိ၏ မေးခွန်းအတွက် အဖြေများ ရလာသည့်အခါ ထိုအဖြေများ ကို မိမိ သေချာနားလည်

သဘောပေါက်အောင် လုပ်ယူပါ။ အဓိက အချက်အလက်များ ကို နောက်ထပ် သတင်းဇာစ်မြစ်

တစ်ခုနှင့် တိုက်ဆိုင်စစ်ဆေးပါ။ နေ့စွဲများ ၊ အမည် နာမများ နှင့် ရာထူးအဆင့်များ ကို နှစ် ခါ

ပြန်စစ်ပါ။ ကိန်းဂဏာန်းများ လည်း မှန်ကန်တိကျနေပါစေ။

ကိုယ့်ကိုယ်ကိုယ် မေးကြည့်ပါ - စာဖတ်သူက သည်သတင်းဇာတ်လမ်းကို ယုံကြည်သွားမှာ လား?

၂။ မင္မတမှု - မည် သည့်ဇာတ်လမ်းမှ တစ်ဖက်သတ်မဟုတ်ပါ။ ဇာတ်လမ်းအများ အပြားတွင်

ဘက်နှစ် ဖက်မက ရှိနေတတ်ပါသည်။ ဇာတ်လမ်း၏ ဘက်အားလုံးကို ပါရှိနေစေရမည် သာ

အပိုင်း (၁) ဇာတ်လမ်းတစ်ပုဒ်ကို ကြိုတင်ပြင်ဆင်ခြင်းနှင့် ဖန်တီးခြင်း ၉

ဖြစ်သည်။ မိမိ၏ သဘောထားအယူအဆမှာ သတင်းဇာတ်လမ်း၏ အစိတ်အပိုင်း မဟုတ်ပါ။

မိမိအနေဖြင့် သဘောမတူနိုင်သော သူများ ဖြစ်နေလင့်ကစား ဘက်ပေါင်းစုံအား ညီညီမျှမျှ

ဖော်ပြရေး သားနိုင်အောင် အားထုတ်ရပါမည် ။

ကိုယ့်ကိုယ်ကိုယ် မေးကြည့်ပါ - စာဖတ်သူက သတင်းစာဆရာကို ယုံကြည်ကိုးစားမှာ လား?

၃။ စိတ်ဝင်စားစရာကောင်းနေမှု - လူတို့၏ စိတ်ဝင်စားမှု ကို ဖမ်းစားနိုင်မည့် ဇာတ်လမ်းဆိုင်

သည့်အပိုင်းကို ဖြစ်စေ၊ ပဋိပက္ခကို ဖြစ်စေရှာဖွေပါ။ အပြောင်းအလဲကို ဖြစ်စေ၊ လှုပ်ရှားမှု ကို

ဖြစ်စေ ပြလိုက်ခြင်းအားဖြင့် ဇာတ်လမ်းထဲသို့ ခွန်အားကိုထည့်ပေးပါ။ လူမှု ရေး ကိစ္စတစ်ရပ်တွင်

ပြဿ နာ ဖြစ်ပွားရခြင်း အကြောင်းရင်းများ ၊ ပြဿ နာ၏ ပမာဏနှင့် အတိုင်းအဆ၊ ဖြေရှင်းနိုင်

သော နည်းလမ်းများ စသည်တို့ကို ရှင်းလင်းဖွင့်ဆိုခြင်းအားဖြင့် လှုပ်ရှားမှု အရသာကို ဖြည်းဖြည်း

ချင်း သွပ်သွင်းသွားနိုင်ပါသည်။

ကိုယ့်ကိုယ်ကိုယ်မေးကြည့်ပါ - စာဖတ်သူက သတင်းဇာတ်လမ်းကို စိတ်ဝင်စားမှာ လား?

၄။ အချိန်မခြင်း - သတင်းဟောင်းများ သည် သတင်းမဟုတ်ပါ။ သတင်းဇာတ်လမ်းသည်

လတ်တလော ဖြစ်ပွားနေသော အရာတစ်ခုခု၊ သို့ မဟုတ် မကြာသေးခင်ကမှ ဖြစ်ပွားသွားသော

အရာတစ်ခုခု ဖြစ်နေသင့်ပါသည်။

ကိုယ့်ကိုယ်ကိုယ်မေးကြည့်ပါ - သတင်းဇာတ်လမ်းက စာဖတ်သူအတွက်
သိစရာ အသစ်

တစ်ခုခုကို ပေးနိုင်မှာ လား?

၅။ အဖွင့် - ပထမဆုံး စာပိုဒ် တစ်ပိုဒ်၊ နှစ် ပိုဒ်က စာဖတ်သူ၏ စိတ်ဝင်စားမှု ကို
ဖမ်းစားနေ

သင့်ပါသည်။ သတင်းဇာတ်လမ်းဆီသို့ ဆွဲဆောင်နေသင့်ပါသည်။ ထို့နောက်
"အဲတော့

ဘာ ဖြစ်လဲ" ဟူသော မေးခွန်းကို ဖြေနေသင့်ပါသည်။

ကိုယ့်ကိုယ်ကိုယ်မေးကြည့်ပါ - စာဖတ်သူက ဘာအကြောင်း
သတင်းပေးထားမှန်း သိနေပြီး

ကျန်တာတွေ ကို ဆက်ဖတ်ချင်စိတ်ရော ဆက်ရှိနေမှာ လား?

၆။ ဖွဲ့စည်းပုံ - သတင်းဇာတ်လမ်းတစ်ပုဒ်တွင် အရေး အကြီးဆုံး
အချက်အလက်များ ကို

ဦးစွာ ဖော်ပြသင့်ပါသည်။ နောက်ပိုင်းတွင် လည်း အရေး ကြီးပုံကို လိုက်ပြီး
အထက်မှ အောက်သို့

အဆင့်ဆင့် ဖော်ပြသွားရပါမည် ။ သတင်းစာပညာတွင် "ပိရမစ် စောက်ထိုး"
ဟုခေါ်ပါသည်။

သတင်းဇာတ်လမ်းတွင် ရှင်းလင်းပြတ်သားသော အာရုံစိုက်မှု တစ်ခု
ပါရှိရပါမည် ။

ကိုယ့်ကိုယ်ကိုယ်မေးကြည့်ပါ - စာဖတ်သူက သတင်းဇာတ်လမ်းအစမှ

အဆုံးအတိုင်

လွယ်ကူချောမွေ့စွာ ဖတ်သွားနိုင်မှာ လား?

၇။ အကိုးအကားများ - သတင်းဇာစ်မြစ်က ပြောသည့်စကားလုံးအတိုင်း အတိအကျဖြစ်နေ

အောင် အထူးဂရုစိုက်ပါ။ စိတ်ဝင်စားစရာကောင်းသော အကိုးအကားများ ၊ သတင်းဇာတ်လမ်း

အား ထူးခြားလာစေသော အကိုးအကားများ ကို ရွေးချယ်ပါ။ တာဝန်ရှိသူများ ကိုသာမကပဲ

သာမန်လူများ ကိုလည်း ကိုးကားပါ။

ကိုယ့်ကိုယ်ကိုယ်မေးကြည့်ပါ - စာဖတ်သူက လူတွေ ရဲ့ အသံကို "ကြားယောင်" သွားမှာ လား?

၈။ အသေးစိတ် - သတင်းအ ဖြစ်အပျက်ကို ဖြစ်စေ၊ သတင်းဇာတ်လမ်းတွင် အဓိကပါဝင်နေသော

ဇာတ်ကောင်များ ကို ဖြစ်စေ၊ နှစ် မျိုး စလုံးကို ဖြစ်စေ စာဖတ်သူ၏ စိတ်ထဲတွင် ပုံပေါ်လာအောင်

လုပ်ပါ။ တစ်ခုခုအား မည် သို့ ခံစားလိုက်ရသည်ကို သရုပ်ပေါ်အောင် အာရုံငါးပါးစလုံးကို

အသုံးပြုပါ။ အသံများ ၊ အနံ့များ ၊ အတွေ့အထိများ ၊ အရသာများ သာမကဘဲ အရောင် များ ၊ ပုံ

သဏ္ဌာန်များ ကိုပါ ဖော်ပြပါ။ ယေဘုယျ ပြောနေသည်များ ကို ကိန်းဂဏန်းများ ၊ အချက်အလက်

များ၊ ပုံတိုပတ်စများ ဖြင့် အားဖြည့်ပါ။

ကိုယ့်ကိုယ်ကိုယ်မေးကြည့်ပါ - စာဖတ်သူက ဖြစ်ရပ်များ၊ လူပုဂ္ဂိုလ်များ၊ နေရာများ ကို ကြည်ကြည်

လင်လင် မြင်သွားမှာ လား?

၉။ နောက်ခံဇာတ်ကြောင်း - သတင်းအ ဖြစ်အပျက်တစ်ခုအတွက် ဖြစ်စေ၊ အသားပေး ဖော်ပြ

ချက်တစ်ပုဒ်အတွက် ဖြစ်စေ အဆက်အစပ်ကို ဖော်ပြပေးနိုင်သော သတင်းအချက်အလက်ကို

ပေးပါ။ သမိုင်း၊ ဖြစ်ပွားရခြင်းအကြောင်းရင်းကို ရှင်းပြခြင်း၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းဆိုင်ရာ

အချက်အလက်များ ကို ဆိုလိုပါသည်။ ဒေသဆိုင်ရာကိစ္စများ ကို တစ်နိုင်ငံလုံးဆိုင်ရာ ရှုထောင့်

အမြင် ဖြစ်သွားအောင် ဖော်ပြပါ။

ကိုယ့်ကိုယ်ကိုယ်မေးကြည့်ပါ - သတင်းဇာတ်လမ်း၏ ထူးခြားမှု ကို စာဖတ်သူက သဘောပေါက်

သွားမှာ လား?

၁၀။ ရှင်းလင်းမှု - သာမန်လူပြိန်းများ နားလည်နိုင်မည့် စကားလုံးများ ကို အသုံးပြုပါ။ ဝါကျများ ကို

တိုတိုသာရေး ပါ။ မည် သူမဆို အလွယ်တကူ လိုက်နိုင်စေရန်အလို့ငှာ ရှုပ်ထွေးသော အယူအဆ

များ ကို လွယ်ကူရှင်းလင်းချောမွေ့နေအောင် လုပ်ယူပါ။

ကိုယ့်ကိုယ်ကိုယ်မေးကြည့်ပါ - စာဖတ်သူက သတင်းဇာတ်လမ်းတစ်ပုဒ်လုံးကို သဘော

ပေါက်သွားမှာ လား?

၆၊ အင်တာနက်ထဲတွင် သုတေသနပြုလုပ်ခြင်း

အင်တာနက်သည် သတင်းဇာတ်လမ်းများ အတွက် သုတေသနပြုရာတွင် အလွန်ကောင်းလှသော

ကိရိယာ တန်ဆာပလာ ဖြစ်ပါသည်။ သို့ရာတွင် အင်တာနက် ကို သတိကြီးကြီးထားပြီးမှ သုံးသင့်ပါသည်။

အင်တာနက်ထဲတွင် တွေ့ရသမျှ အားလုံး မမှန်ပါ။ မခိုင်လုံပါ။ ချိန်ခွင်လျှာ မညီပါ။ အင်တာနက်ထဲတွင်

သုတေသနလုပ်နေစဉ်အတောအတွင်း ကိုယ့်ကိုယ်ကိုယ် မေးခွန်းရိုးရိုးစင်းစင်းများ မေး သွားပါ။ ထိုအခါ

အမှား လုပ်မိသွားမည့် အရေး မှ မိမိကိုယ်မိမိ ကာကွယ်နိုင်ပါလိမ့်မည် ။

အပိုင်း (၁) ဇာတ်လမ်းတစ်ပုဒ်ကို ကြိုတင်ပြင်ဆင်ခြင်းနှင့် ဖန်တီးခြင်း ၁၁

နေ့ဂျာမှန်တွင် ဂျောက်ရှိနေပါစေ။

သတင်းအချက်အလက်ကို ရှာဖွေသည့်အခါများ တွင် ရှာဖွေရေး အင်ဂျင် (search engine) (ဥပမာ -

google, yahoo) မှတစ်ဆင့် ရှာဖွေရလေ့ ရှိပါသည်။ သက်ဆိုင်ရာ အင်တာနက်ဒေသ (website) သို့ ရောက်သည့်အခါတွင် မိမိမေးလိုသော မေးခွန်းများ၊ မိမိသုတေသနပြုလိုသော အချက်အလက်များ

အဆိုပါ အင်တာနက်ဒေသက ပေးအပ်နိုင်သည်မှာ သေချာနေပါစေ။

သတင်းအချက်အလက်က ဩဇာရှိနေပါစေ။

အင်တာနက်ဒေသတွင် ဖော်ပြထားသော သတင်းအချက်အလက်သည် ခိုင်လုံသည်ဟု ယုံကြည်ရန်

မိမိမှာ ခိုင်လုံသော အကြောင်းရှိပါသလား။ စာရေး သူ များ က သူတို့၏ ကောက်ချက်များ ကို ထောက်ခံ

လျက်ရှိသော သက်သေခံချက်တစ်စုံတစ်ရာကို ပေးအပ်ထားပါသလား။ အင်တာနက်စာမျက်နှာကို

ရေး သားထားသည့် စာရေး သူများ ကား မည် သူတို့ပါနည်း။ ထိုသို့ ရေး သားရန် ဩဇာ၊ သို့ မဟုတ်

ကျွမ်းကျင်မှု ကို သူတို့အား ဘာကပေးအပ်ထားပါသနည်း။ အင်တာနက်ဒေသအတွက် မည် သူကတာဝန်

ရှိပါသနည်း။ ဤအင်တာနက်ဒေသသည် စီးပွားရေး လုပ်ငန်းသုံးလား၊ အစိုးရလား၊ ပုဂ္ဂလိကလား၊ ပညာ

ရပ်ဆိုင်ရာလား။ ထပ်မံသိရှိလိုသော အချက်များ အတွက် ဖြစ်စေ၊ အင်တာနက်ဒေသတွင် ဖော်ပြထားသော

အချက်အလက်များ ကို ဆန်းစစ်ရန်အတွက် ဖြစ်စေ အသုံးပြုနိုင်သော သက်ဆိုင်ရာ အီးမေး(လ်) လိပ်စာ

ပါရှိပါသလား။

ထိုအင်တာနက်ဒေသ ဘာကြောင့် ရှိနေမှန်း သိနေပါစေ။

ထိုအင်တာနက်ဒေသ၏ ရည်ရွယ်ချက်က ဘာလဲ။ အဓိကရည်ရွယ်ချက်မှာ သတင်းပေးရန်လား၊ ဖျောင်းဖျ

ရန်လား၊ သို့ မဟုတ် မိမိအား တစ်ခုခု ရောင်းချပေးရန်လား။ အင်တာနက်ဒေသထဲမှ ပြောလိုက်သည့်များ

ကို မိမိ နားလည်ပါသလား။ မပြောဘဲထားတာ တစ်ခုခုများ ရှိပါသလား။ ထိုအင်တာနက် ဒေသကို

ထုတ်ဝေထားသူများ က သီးခြားအမြင်တစ်ခုအတွက် မိမိကို သိမ်းသွင်းစည်းရုံးဖို့ အားထုတ်နေပါသလား။

အသေးစိတ်များ ကို ကြည့်ပါ။

အင်တာနက်ဒေသကို ကျကျနန စုစုစည်းစည်း ထားရှိပါသလား။ စာလုံးပေါင်းအမှား များ ၊ ညံ့ဖျင်းလှသော

သဒ္ဒါအသုံးအနှုန်းများ ပါရှိနေပါသလား။ ချိတ်ဆက်(links) များ ရော အလုပ်လုပ်ရဲ့ လား။ ထိုချိတ်ဆက်

များ ကို အကဲဖြတ်ထား၊ မှတ်ချက်ပေးထားသလား။ ထိုချိတ်ဆက်များ အား မိမိ၏ ထိုအင်တာနက်ဒေသကို

ကျော်လွှန်ရောက်ရှိသွားစေပြီး အခြားခိုင်လုံသော သတင်းဇာစ်မြစ်များ ဆီသို့ ပို့ဆောင်ပေးပါသလား။

အတုမရှိသော အရာတစ်ခုခုကို ထိုအင်တာနက်ဒေသက မိမိအား ပေးအပ်နိုင်ပါသလား။ သို့ တည်းမဟုတ်

စွယ်စုံကျမ်းထဲတွင် မိမိရှာဖွေတွေ့ရှိနိုင်သည့်အချက်အလက်သာသာမျှကိုသာ ပေးအပ်နိုင်ပါသလား။

အင်တာနက်စာမျက်နှာပေါ်မှာ ပုံများ မှာ ရှင်းလင်းပြီး အထောက်အကူ ဖြစ်နေပါသလား။ သို့ တည်းမဟုတ်

အာရုံနှောက်စရာ၊ စိတ်ရှုပ်စရာ ကောင်းနေပါသလား။

အင်တာနက်စာမျက်နှာများ နှင့် အင်တာနက်ထဲမှာ တွေ့ရသော စာမျက်နှာများ ကြားတွင်

ကွဲပြားပါစေ

ဤအင်တာနက်စာမျက်နှာသည် အင်တာနက်အတွက် ရည်စူးပြီး ရေးဆွဲထားသော စာမျက်နှာလား။

သို့ တည်းမဟုတ် မူရင်းမှာ အခြားတစ်ခုခု ဖြစ်နေပါသလား။ မူရင်းက အခြားတစ်ခုခု ဖြစ်နေလျှင် ထိုအခြား

တစ်ခုခုမှာ အဘယ်နည်း။

သတင်းအချက်အလက်. လတ်တလောအခြေအနေ။

အင်တာနက်ထဲတွင် တွေ့လိုက်ရသည့် ၁၉၉၄ ခုနှစ် မှ အချက်အလက်အား လက်ရှိနေ့စွဲနှင့် အညီ ပြုပြင်

မွမ်းမံထားခြင်းမရှိလျှင် ထိုသတင်းအချက်အလက်ကို သုံးစရာ အကြောင်းသိပ်မရှိပါ။ နေ့စွဲများ ကို စစ်ဆေး

ပါ။ သတင်းအချက်အလက်က အိုမင်းဟောင်းနွမ်းနေပုံရလျှင် သူ့ထက်ပိုပြီး ခေတ်မီသော သတင်း

အချက်အလက်ကို ရှာဖွေပါ။

♥ ♥ ♥

# ဇာတ်လမ်းတစ်ပုဒ်ကိုဖန်တီးခြင်း

၁၊ တွေ 'ဆုံမေးမြန်းချက်များ

တွေ ့ဆုံမေးမြန်းချက်များ ကို မစတင်မီ မိမိအနေဖြင့် ထိုတွေ ့ဆုံမေးမြန်းခြင်းအတွက် ကြိုတင်ပြင်ဆင်ထားရပါမည် ။ ထိုသို့ ပြင်ဆင်ထားမှသာလျှင် အခြေအနေတစ်ရပ်ကို ဖန်တီးလိုက်နိုင်မည် ဖြစ်ကာ မေးခွန်းများ ကိုလည်း ထိရောက်စွာ မေးမြန်းနိုင်မည် ဖြစ်ပါသည်။ အဆုံးတွင် အနားဖွာနေသည်များ ကို ပြန်လည်စုစည်းယူရပါမည် ။

ကြိုတင်ပြင်ဆင်ခြင်း

တယ်လီဖုန်းကို ကောက်မကိုင်မီ ဖြစ်စေ၊ တံခါးမှ ထွက်မသွားမီ ဖြစ်စေ သတင်းဇာတ်လမ်းက ဘာအကြောင်းလဲဆိုတာကိုသိနေသင့်ပါသည်။ သို့မဟုတ်လည်း ဘာတွေ ဖြစ်နေသလဲဆိုတာကို သိနေရပါမည် ။

နောက်ခံသတင်းအချက်အလက်များ ကို စုဆောင်းပါ။ သတင်းဇာတ်လမ်း၏ အကြောင်းအရာနှင့် ပတ်သက်ပြီး ဖြစ်စေ၊ မိမိတွေ ့ဆုံမေးမြန်းတော့မည့် လူပုဂ္ဂိုလ်နှင့် ပတ်သက်ပြီး ဖြစ်စေ သိနိုင်သမျှသိထားအောင်လုပ်ပါ။

မေးခွန်းစာရင်းကို ချရေး ထားပါ။ မိမိရှာဖွေလျက်ရှိသော အသေးစိတ်များ နှင့် ပတ်သက်ပြီးလည်း မိမိဘာသာမှတ်စုတိုများ ထုတ်ထားပါ။

ပထမဆုံး မေးခွန်းကိုသာ မဖွေရှာပါနှင့် ။ အဖြေများ ကို ကြိုတွက်ထားပါ။ ထို့နောက် ဆင့်မေးရမည့် မေးခွန်းများ ကို ကြိုတင်ပြင်ဆင်ပါ။

မိမိ၏ ပစ္စည်းကိရိယာများ နှင့်် လိုအပ်သော ပစ္စည်းများ ကို အမြဲတစေ စစ်ဆေးပါ။ မိမိ၏ မှတ်စုစာအုပ်မှာ စာမျက်နှာအလွတ်များ လုံလုံလောက်လောက် ပါရဲ့ လား။

မင်တဲ့အပိုရောပါရဲ့ လား။ အသံဖမ်းစက်ထဲက ဘက်ထရီတွေ ကရော သစ်လွင်ရဲ့ လား။

ခင်းကျင်းခြင်း

တွေ ့ဆုံမေးမြန်းမည့် နေရာသို့ မိနစ်အနည်းငယ်မျှကြို ရောက်နေအောင်လုပ်ပြီးနောက် မိမိ၏ ဘေးပတ်လည်ကို ကြည့်ပါ။ မိမိ စိတ်ဝင်စားနိုင်သော အစီရင်ခံစာတွေ များ ရှိနေသလား။ စားပွဲကသန့်ရှင်းပြီး စာပွဲပေါ်တွင် ဘာမှမရှိဘူးလား။ သို့ မဟုတ်ပါကလည်း စားပွဲတစ်ခုလုံး ရှုပ်ပွနေပါသလား။ ထိုအချက်အလက်များ က သတင်းဇာစ်မြစ်နှင့် ပတ်သက်ပြီး မိမိကို ဘာတွေ ပြောပြနေပါသလဲ။

မိမိကိုယ်တိုင်ရော သတင်းဇာစ်မြစ်ပါ သက်သော င့်သက်သာရှိနေစေရန် မိမိ၏ အနေအထားကို ဂရုတစိုက် ရွေးချယ်ပြီးမှ နေရာယပါ။ မေးခွန်းအကြမ်းစားများ ကို မေးမည် ဟု ကြံစည်ထားလျှင် မိမိအနေဖြင့် သတင်းဇာစ်မြစ်နှင့် ခပ်ခွာခွာနေရာတွင် ထိုင်ကောင်းထိုင်ရပါမည် ။

တံခါးဖွင့်သံ၊ ပိတ်သံ၊ သီချင်းသံအစရှိသည့် မိမိ၏ အသံဖမ်းချက်ကို ရှုပ်ထွေးစေနိုင်သော ၊ သို့ မဟုတ်မိမိအား အာရုံပျက်စေသော ဘေးပန်းအသံ အနှောင့်အယှက်များ ကို သတိထားပါ။

သက်ဆိုင်ရာပုဂ္ဂိုလ်အား မိမိမည် သူမည် ဝါ ဖြစ်ကြောင်းနှင့် သတင်းဇာတ်လိလမ်းက ဘာအကြောင်းဆိုတာကို ရှင်း ရှင်းလင်းလင်း ပြောပြပါ။ မိမိ သည် မည် သည့် မီဒီယာအဖွဲ့ အစည်းမှ လာခဲ့သည်ကို ခိုင်လုံစွာ သိရှိနေသင့်ပါသည်။ ထို့အပြင် သတင်းဇာစ်မြစ်အနေဖြင့် မိမိရေး သားမည့် သတင်းဇာတ်လမ်း၏ အကြောင်းအရာကို ယေဘုယျအားဖြင့် သိရှိထားသင့်ပါသည်။

သူ့အား သက်သေသာရှိနေစေပြီး အပေါကအလမ်းတည့်အောင်လုပ်ပါ။ သတင်းဇာစ်မြစ်နှင့်ခင်မင်ရင်းနှီးသွားအောင် လုပ်ရမည် ဟု ဆိုလိုခြင်း မဟုတ်ပါ။ သို့ ရာတွင် လူအများ စုမှာ စကားပြောလို့ကောင်းသည်ဟု ယူဆသူနှင့် ဖြစ်စေ၊ သူနှင့် ကိုယ်နှင့် ကြားမှာ တူညီတာတွေ ရှိသည်ဟု ယူဆသူနှင့် ဖြစ်စေစိတ်ပါလက်ပါ ပြောတတ်ဆိုတတ်ကြပါသည်။

ပစ်မှတ်မလွဲအောင် ဆောင်ရွက်ခြင်း

သတင်းဇာစ်မြစ်၏ စိတ်ထဲတွင် သက်သောင့်သက်သာ ရှိနေစေရန်နှင့် မိမိအတွက် ခိုင်လုံတိကျမှု သည်အရေး ကြီးလှကြောင်း သူသိရှိသွားစေရန် လွယ်ကူသော မေးခွန်းများ ဖြင့် စတင်ပါ။စတင်ပြီးသည်နှင့် တစ်ပြိုင်နက်ကြောင်းကျိုး ဆီလျော်သော အတွေး၊ သို့မဟုတ် စိတ်ကူးစိတ်သန်းများ ဖြင့် ဆက်မေး သွားပါ။ နေရာအတော် များများ တွင် မိမိ၏ တွေ့ဆုံမေးမြန်းချက်က မိမိဘာကိုဦးတည်မေးမြန်းနေကြောင်း ထင်ရှားအောင် လုပ်သင့်ပါသည်။

အဖွင့်မေးခွန်းများ ကို မေးပါ။ သူ့စိတ်ကူးကို ပြော ဖြစ်စေမည့် မေးခွန်း များ ကို မေးပါ။ "သည်နည်းကကောင်းတယ်လို့ ဘာလို့ အတတ်ပြောနိုင်တာလဲ" ဆိုတာမျိုး ၊ "သည်ကိစ္စနဲ့ပတ်သက်ပြီး လူတွေ ကတိုင်တန်းလာကြမယ်ဆိုရင် ခင်ဗျားဘယ်လိုလုပ်မလဲ" ဆိုတာမျိုး များ ဖြစ်ပါသည်။

မိမိကြိုတင်ပြင်ဆင်လာသော မေးခွန်းစာရင်းများ ကိုသာ မဲပြီးမမေးမိပါစေနှင့် ။ အဖြေများ ကို အာရုံစိုက်ပါ။ သတင်းဇာစ်မြစ်က မိမိအားပြောပြနေသမျှကို သေချာဂရုစိုက်နားထောင်ပါ။ သတင်းအချက်အလက်အစအနများ ကို ခြေရာခံပြီးနောက် သတင်းဇာတ်လမ်းကို ချဲ့ယူပါ။ မေးခွန်းစာရင်းကို ယူသွားပြီးစာရင်းပါအတိုင်း မေးမြန်းနေသည်ဆိုလျှင် မိမိအလုပ်ကျွမ်းကျင်မှု မရှိဟုနားလည်ပါ။ ထိုအလုပ်လောက်တော့ ခြောက်နှစ် သားလေးတောင် လုပ်တတ်ပါသည်။

မျက်လုံးချင်း ဆိုင်ထားပါ။ တွေ့ဆုံမေးမြန်း နေချိန်တစ်လျှောက်လုံးတွင် ခေါင်းကြီးငုံ့ပြီး မှတ်စု စာအုပ်ထဲတွင် သာ မဲပြီးရေး မနေပါနှင့် ။ လူ တစ်ယောက် အား သူ့စိတ်ရင်းအတိုင်း ပြောစေလိုပါသလား။မျက်လုံးချင်းဆိုင်ထားပြီး ဘာမှမ ဖြစ်သည့် မျက်နှာမျိုး နှင့် နေမှသာ သူပြောလာပါလိမ့်မည် ။တွေ့ဆုံမေးမြန်းခြင်းအပေါ်တွင် သဘောမတူမိအောင် ရှောင်ကြဉ်ပါ။ ဘာမှမ ဖြစ်သလိုနေပါ။"ဟုတ်ကဲ့၊ ကျွန်တော် သိပါတယ်၊" "စိတ်မကောင်းစရာပဲနော်၊" "ဒါပေါ့၊ ကျွန်တော် လည်း သည်အတိုင်းပဲမြင်ပါတယ်" စသည့်စကားမျိုး များ ကို မပြောမိပါစေနှင့် ။ နားသာ

ထောင်နေလိုက်ပါ။ မှတ်စရာရှိသည်များ ကို မှတ်နေလိုက်ပါ။ အသံဖမ်းစရာရှိတာကို ဖမ်းနေလိုက်ပါ။ မိမိအလုပ်မှာ မိမိတွေ့ဆုံမေးမြန်းနေသူ၏ အမြင်များ ကို ရယူရန်သာ ဖြစ်ပါသည်။

တွေ့ဆုံမေးမြန်းချက်အား အသံဖမ်းနေသည့်တိုင် မှတ်စုကောင်းကောင်း လိုက်မှတ်ပါ။ သေချာဂရုစိုက် နားထောင်ပြီး အရေး အကြီးဆုံး အချက်အလက်များ နှင့် အကိုးအကားများ ကို ရေး မှတ်ပါ။အချိန်ယူပါ။ မလောပါနှင့် ။ အကြာကြီး တိတ်ဆိတ်သွားသည်ကို မစိုးရိမ်ပါနှင့် ။ တိတ်သွားလျှင်နှစ် ဦးနှစ် ဖက်စလုံးအတွက် စဉ်းစားဖို့တောင် အချိန်ရသွားနိုင်ပါသည်။ တစ်ခါတရံများ တွင် အချိန်ယူစဉ်းစားခွင့်ပေးလိုက် သည်နှင့် တစ်ပြိုင်နက် သတင်းဇာစ်မြစ်များ က ပြည့်ပြည့်စုံစုံ ပိုပြောနိုင်သွားတတ်မြဲလည်း ဖြစ်ပါသည်။

နားထောငနေအခိုက်တွင် သတင်းဇာတ်လမ်းအတွက် အဖွင့်ကိုရှာဖွေပါ။ သတင်းဇာတ်လမ်း၏ အာရုံစိုက်စရာ အချက်အလက်ကို စဉ်းစားပါ။ သိထားနှင့် ပြီး ဖြစ်လျှင် မိမိကိုယ်မိမိ ထိုအာရုံစိုက်စရာအချက်ကိုအဖန်ဖန် သတိပေးနေပါ။

မိမိကသာ တွေ့ဆုံမေးမြန်ချက်ကို ထိန်းချုပ်နိုင်ပါစေ။ သတင်းဇာစ်မြစ်သည် မိမိသိလိုသော အချက်အပေါ်တွင် သာ တစိုက်မတ်မတ်ပြော ဖြစ်နေပါစေ။ သူတို့ ပြောချင်ရာလျှောက်ပြောနေသည်မျိုး မ ဖြစ်ပါစေနှင့် ။ "ကျွန်တော် ဖြတ်ပြောပါရစေလားခင်ဗျာ၊" "ခင်ဗျားပြောတာ သိပ်စိတ်ဝင်စားဖို့ကောင်း တယ်နော်။ ဒါပေသည့် ကျွန်တော် တို့ ဟိုကိစ္စကို ပြန်ပြောကြရအောင်၊" "ကျွန်တော် သည့်ထက်ပိုပြီး နားထောင်ချင်ပါသေးတယ်။ ဒါပေမယ့် ကျွန်တော့် မှာ အချိန်နည်းနေလို့" "ဒါမှမဟုတ်လည်း ကျွန်တော့် မှာ တခြားချိန်းထားတာလေးရှိလို့" စသဖြင့် ပြောလိုက်နိုင်ပါသည်။

တွေ့ဆုံမေးမြန်းချက်အား မှတ်တမ်းတင်ထားပါ။ သတင်းဇာစ်မြစ်အား အမည် မဖော်ဘဲ ထားပေးမည် ဟု သွားစေတနာမကောင်းပါနှင့် ။ သက်ဆိုင်ရာပုဂ္ဂိုလ်က မသက်မသာ ဖြစ်နေသည်ဆိုလျှင် သတင်းအချက်အလက် တချို့တလေအား သူတို့၏ နာမည် နှင့် တွဲ ပြီးသုံးလို့ရအောင် ဈေးဆစ်ယူပါ။သတ္တိရှိပါ။ အကြမ်းစား မေးခွန်းများ ကို မေးပါ။

လူထုကို ကိုယ်စားပြုပြီး ထိုနေရာသို့ ရောက်ရှိနေသည်ကို မမေ့ပါနှင့် ။ မိမိ၏ မေးခွန်းများ သည် မိမိ၏ အလုပ်သဘာဝ ကြောင့် မေးရသည့်သဘောသာ ဖြစ်ပါသည်။

အပြင်းထန်ဆုံး မေးခွန်းများ ကို နောက်ဆုံးမှ မေးသင့်ပါသည်။ ဤနည်းအားဖြင့် မိမိ၏ သတင်းဇာစ်မြစ် စိတ်ဆိုးသွားသည့်တိုင် မိမိအတွက်လိုအပ်သော အခြားသတင်းအချက်အလက်များ ကိုတော့ရရှိထားနှင့် ပြီး ဖြစ်နေပါလိမ့်မည် ။

လက်စသတ်ခြင်း

မည် သည့် သတင်းဇာစ်မြစ်ထံမှမဆို တယ်လီဖုန်းနံပါတ်များ ရနိုင်သမျှရအောင် လုပ်ထားပါ။ထိုသို့ လုပ်ထားပါက စာတည်းအနေဖြင့် နောက်ထပ် မေးချင်တာတွေ ထပ်မံပေါ်ပေါက်လာသည့်အခါသူ့ရုံး၊ သူ့ဆိုင်သို့ ပြန်သွားရမည့် အချိန်နှင့် စရိတ်ကို သက်သာသွားစေနိုင်ပါသည်။ ထိုသူများ တွင် တယ်လီဖုန်း မရှိဘူးဟု မယူဆပါနှင့် ။ လက်ကိုင်ဖုန်းများ သုံးသူတွေ တစ်နေ့တခြား များ ပြားလာနေပါသည်။ဝန်ကြီးဌာနများ တွင် အဖျင်းဆုံးတော့ ဒစ်ဂျစ်တယ် ကြိုး ဖုန်းလောက်တော့ ရှိပါသည်။ မုန့်ဟင်းခါးသည်ပင် ဖြစ်စေဦးတော့ သူ့အစ်ကို၏ လက်ကိုင်ဖုန်းမှ တစ်ဆင့် ဖြစ်စေ၊ သူ့သား၏ အလုပ်မှတစ်ဆင့် ဖြစ်စေဆက်သွယ်နိုင်နေပါပြီ။

သူ့ဖုန်းနံပါတ်ကိုတောင်းရခြင်း အကြောင်းရင်းမှာ သတင်းခိုင်လုံတိကျမှု နှင့် မျှတမှု ဟူသော စာနယ်ဇင်းကျင့်ဝတ်များ ကို ထိန်းသိမ်းရန် ရည်ရွယ်သော ကြောင့် ဖြစ်ကြောင်း၊ မိမိက ဖြစ်စေ၊ မိမိ၏ စာတည်းက ဖြစ်စေအခြားသူများ က ဆန့်ကျင်ကွဲလွဲသော သဘောထားအမြင်များ ၊ မှတ်ချက်များ ပေးလာသည့် အခါတွင် ဖြစ်စေ၊ အသေးစိတ်ထပ်မံသိရှိလိုသည့်အခါတွင် ဖြစ်စေ၊ သေချာတိကျအောင် ပြန်လည်မေးမြန်း လိုသည့်အခါတွင် ဖြစ်စေ ဆက်သွယ်နိုင်ရန် ဖြစ်ကြောင်းတို့ကို သတင်းဇာစ်မြစ်အား ရှင်းပြပါ။ ဆက်သွယ်ရမည့် တယ်လီဖုန်းနံပါတ်၊ လိပ်စာတို့သာမရှိလျှင် သတင်းဇာတ်လမ်းကို လက်ခံလိမ့်မည် မဟုတ်ကြောင်းကိုလည်း ပြောပြပါ။

နိုင်ငံခြား သတင်းဇာစ်မြစ်၏ စကားများ ကို ထည့်သွင်းကိုးကားလိုသည့်အခါ

မိမိ၏ မှတ်စုစာအုပ်ထဲတွင် အမည်၊ ရာထူးနှင့် ဖုန်းနံပါတ်တို့ကို သူတို့အား ရေး ခိုင်းပါ။ သို့ မဟုတ်ပါကလည်း သူတို့၏ လိပ်စာကဒ်ပြားကို တောင်းယူပါ။

မိမိ၏ မှတ်စုများ ကို ပြန်လှန်ပြီး အမည် နာမများ၊ ကိန်းဂဏာန်းများ၊ မရှင်းလင်းသော မှတ်စုများ ကိုနှစ်ခါပြန် စစ်ပါ။ အခကြေ အချက်အ လကမ်ြားကို မမှီ နားလည်သည် ဘောပေါကထိ ၊းသည်အ့် တငိ ၊ သတင်းဇာစ်မြစ်အား ပြန်ရွှတ်ပြရန် လိုအပ်ကောင်းလိုအပ်ပါလိမ့်မည်။

မိမိအနေဖြင့် မမေးမ ဖြစ် မေးအပ်သော မေးခွန်းစတ်ခွန်းရှိသေးသည်၊ ယင်း မှာ ''ကျွန်တော် မေးသင့်မေးထိုက်လျက်နဲ့ မမေး ဖြစ်ခဲ့တဲ့ မေးခွန်းများ ကျန်ပါသေးလား''ဟူ၍ ဖြစ်သည်။ ထိုမေးခွန်းဖြင့် မိမိ မမေးလိုက်မိသော မေးခွန်းအတွက် နောက်ဆက်တွဲ မေးခွန်းများ ကို ဖမ်းမိသွားစေနိုင်ပါသည်။တစ်ဖက်မှလည်း မိမိရေး သားမည့် သတင်းဇာတ်လမ်းအတွက် တစ်စိတ်တစ်ပိုင်း တာဝန်ရှိသွားအောင်လုပ်လိုက်ရာလည်း ရောက်ပါသည်။

တစ်ခါတရံ ''သည်သတင်းအတွတ်တခြားကျွန်တော် သွားမေးကြည့်သင့်တဲ့သူမှုများ ရှိသေးလား''ဟူသော မေးခွန်းသည်လည်း အလုပ် ဖြစ်နိုင်ပါသည်။ ထိုမေးခွန်းကို မေးလိုက်ခြင်းအားဖြင့် မိမိသည်ထိုကိစ္စကို အပြည့်အဝနားလည်သဘောပေါက်လိုကြောင်း၊ ထောင့်ပေါင်းစုံ၊ ဘက်ပေါင်းစုံသို့ လိုက်လိုကြောင်းကို ဖော်ပြလိုက်ရာရောက်ပါသည်။ ထို့အပြင် နောင်အခါတွင် ရေး ဖြစ်လေမည့် သတင်းဇာတ်လမ်းများ အတွက်လည်း ထိုအဆက်အသွက်ကို ဆက်လက်အသုံးပြုနိုင် သွားပါလိမ့်မည်။မိမိအနေဖြင့် သိရှိထားလျှင် သူတို့အား မည် သည့်မီဒီယာထဲတွင် မည် သည့်အခါ ဖော်ပြမည် ကိုပြောပြလိုက်ပါ။ မပြောမ ဖြစ် ပြောရမည် ဟု မဆိုလိုပါ။ သို့ရာတွင် ထိုသို့ ပြောပြခြင်းသည် လုပ်ငန်းသဘောအရ မိမိတွေ .ဆုံမေးမြန်းခဲ့သူအပေါ် လေးစားသမှု ကို ပြဆိုခြင်း ဖြစ်ပါသည်။အိမ်၊ သို့မဟုတ် ရုံးသို့ အပြန်တွင် တွေ .ဆုံမေးမြန်ချက်မှ ဘာကို အသုံးပြုမည် ဆိုခြင်းကို တွေ းလာပါ။ စိတ်ကူးထဲတွင် မိမိ၏ သတင်းဇာတ်လမ်းကို ပုံဖော်ကြည့်ပါ။ မိမိ၏ မှတ်စုများ ကို

ပြန်ကြည့်ပါ။ ယင်းမှာ တကယ့်သတင်းဇာတ်လမ်းကိုချရေး ရန် ကြိုတင်ပြင်ဆင်မှု ၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်ပါသည်။

၂၊ ရေးသားခြင်း

သတင်းဇာတ်လမ်းကို ရေး သည့်အခါ နိုင်ငံတကာစံများ ကို နှလုံးသွင်းပါ။ ထို့နောက် သတင်းဇာတ်လမ်းရေး သားခြင်းနှင့် ပတ်သက်သော အောက်ပါအထွေထွေသိကောင်းစရာများ ကို ပြန်လှန်သုံးသပ်ပါ။ အဆက်မပြတ်လေ့ကျင့်သွားခြင်းဖြင့် လည်းကောင်း၊ စာတည်းများ ၊ လေ့ကျင့်သင်ကြား ပေးသူများ နှင့် ပြန်လှန်သုံးသပ်ခြင်းဖြင့် လည်းကောင်း ရေး သားခြင်းအတတ်ပညာကို အကောင်းဆုံး တတ်ကျွမ်းလာနိုင်ပါသည်။ သို့ ရာတွင် အရေး ကောင်းကောင်းဖြင့် ရေး ထားသည့်နမူနာများ ကို ဖတ်ရှုခြင်းဖြင့် လည်း သင်ယူတတ်မြောက်နိုင်ပြန်ပါသေးသည်။ မိမိ၏ စိတ်ဝင်စားမှု ကို အမှန်တကယ် ဖမ်းစားထားနိုင်သော ဇာတ်လမ်းတစ်ပုဒ်ကို ဖတ်ရသည့်အခါတိုင်း စာရေး ဆရာက ဘာကိုအကောင်းဆုံး လုပ်သွားသည်ကိုလေ့လာစူးစမ်းပါ။

သတင်းဇာတ်လမ်းတစ်ပုဒ်. ဖွဲ့စည်းပုံ

သတင်းဇာတ်လမ်းတစ်ပုဒ်၏ ပထမဆုံးစာပိုဒ်တွင် အရေး အကြီးဆုံးနှင့် အခြေခံအကျဆုံး အချက်အလက်များ ပါဝင်နေသင့်ပါသည်။ နောက်ခံအကြောင်းများ နှင့် အသေးစိတ်များ ကို နောက်ပိုင်းမှာ မှ ဖော်ပြပါသည်။

ဤဖွဲ့စည်းပုံကို "ပိရိရမစ် စောက်ထိုး" ဟု ခေါ်ပါသည်။ တြိဂံအား ထိပ်ချွန်သည့်ဖက်မှ ထောင်ထားသလိုပင် ဖြစ်သည်။ ( ကတော့ပုံလိုပင် ဖြစ်သည်။) အရေး အကြီးဆုံးနှင့် အကြီးဆုံးအချက်အလက်များ ကိုထိပ်ဆုံးမှာ ထားပြီး သူ့အောက် တစ်ဆင့်စီမှာ အလေးချိန်၊ သို့ မဟုတ် ထိရောက်မှု က လျော့လျော့ သွားစေရမည် ဖြစ်သည်။

သို့ ရာတွင် မည် သည့်အချက်က အရေး အကြီးဆုံး ဖြစ်သည်ကို မိမိမည် သို့ သိရှိနိုင်ပါသနည်း။ အများ အားဖြင့် သတင်းဇာတ်လမ်းတစ်ပုဒ်အတွက်

အလိုအပ်ဆုံးအချက်အလက်မှာ အရေး အကြီးဆုံး အချက် ဖြစ်လေ့ရှိပါသည်။ ထို့အပြင် အသစ်လွင်ဆုံးအချက်အလက်မှာ အဓိကအချက် ဖြစ်နေတတ်ပါသည်။မိမိကိုယ်မိမိ ပြန်မေးပါ။ ဘယ်အချက်အပေါ်မှာ အခြားအချက်တွေ က မှီခိုနေကြပါသလဲဟု။အရေး ကြီးဆုံး နောက်ခံသတင်းအချက်အလက်များ နှင့် တွဲ ပြီး သတင်းကို ထို့နောက်တွင် ကပ်လျက်ဖော်ပြရပါသည်။ ကျန်သော အပိုင်းမှာ မူ သတင်းဇာတ်လမ်းအား ပံ့ပိုးပေးနေသော အသေးစိတ်များ ဖြစ်ပြီးလူတို့အား စဉ်းစားစရာ၊ တွေ းစရာတစ်ခုခု ပေးရန် ဖြစ်လေသည်။

အသားပေးဖော်ပြချက် (သတင်းဆောင်းပါး) ရေးသားနည်းများ

အသားပေးဖော်ပြသည့် သတင်းဆောင်းပါးတစ်ပုဒ်သည်လည်း ခိုင်မာသော ဇာတ်ကောင်များ ၊ ထင်ရှားသော အခင်းအကျင်းများ ၊ ပြဇာတ်ဆန်သော စီးဆင်းမှု နှင့် စကားပြောခန်းများ ကဲ့သို့ စိတ်ကူးယဉ်ဇာတ်လမ်းကို ရေး သည့်နည်းစနစ်တချို့ ကို အသုံးပြု လေ့ရှိပါသည်။ သို့ ဖြစ်ပေရာ သတင်းဇာတ်လမ်း(ဝါ) သတင်းတစ်ပုဒ်ထက် "ပုံပြောသည့်သဘော" ပိုဆန်နေပါသည်။ သို့ ရာတွင် ခိုင်လုံတိကျမှု ၊ ချိန်ခွင်လျှာညီမျှမှု ၊ ရှင်းလင်းမှု ၊ အသေးစိတ်နှင့် အာရုံစိုက်စရာအချက်တို့ကိုမူ သတင်းဇာတ်လမ်းကိုရေး သည့်အခါတွင် ရှိနေရမည့် အတိုင်း အသားပေးဖော်ပြသည့်သတင်းဆောင်းပါးတွင် လည်း ပါရှိနေရမည် သာ ဖြစ်လေသည်။

အသားပေးဖော်ပြသည့် သတင်းဆောင်းပါးတစ်ပုဒ်ကို ရေး သည့်အခါ အထူးဂရုစိုက်သော အချက်များ ကိုအောက်တွင် ဖော်ပြထားပါသည်။

၁။ အသေးစိတ်များ ကို သေချာ ဂရုစိုက်ပါ။ လူ တစ်ယောက် ၏ ဝတ်ပုံစားပုံ၊ ပြောပုံဆိုလက်၊ အခန်း၏ အရောင် များ စသည့် အရာအားလုံးမှာ အသားပေးဖော်ပြသည့် သတင်းဇာတ်လမ်းပါ"ဇာတ်ကောင်" အား ပိုမို ရုပ်လုံးကြွလာအောင် ဖန်တီးပေးတတ်ပါသည်။

၂။ စကားလုံးများ ကို အထူးဂရုစိုက်ပြီး ရွေးချယ်ပါ။ လူ့ဘောင်လောကတွင် အမှန်တကယ် ဖြစ်ပျက်နေသော ဇာတ်လမ်းထဲတွင် "ဇာတ်ကောင်" နှင့် "ဇာတ်လမ်းကျောရိုး" ကို ဖော်ကျူး နိုင်သည့်အခါ အသားပေးဖော်ပြသည့် ဇာတ်လမ်းကို ပိုမို

ပီပြင်လာစေနိုင်ပါသည်။

၃။ "ဇာတ်ကောင်" အား ပိုမိုလေးနက်လာစေရန် ပြောစကားများ ကို အရင်းအတိုင်း ပြန်ကိုးကားပါ။မှဆိုးမ၏ ဆင်းရဲနွမ်းပါးမှု ၊ လုယက်ခံရသူ၏ ဒေါသ စသည်များ ကို စာဖတ်သူက ပြက်ပြက်ထင်ထင် ကြားယောင် သွားပါစေ။

၄။ ဇာတ်လမ်းကို ရုပ်ရှင်ကားတစ်ကားလို မြင်ကြည့်ပါ။ ရုပ်ရှင်များ တွင် ဇာတ်လမ်းအသက်ဝင်လာစေရန် အနီး၊ အဝေး အမျိုး မျိုး မှ ပြတတ်ပါသည်။ တစ်ခါတရံ အခင်းအကျင်းကို ကျွန်ုပ်တို့ခံစားနိုင်ရန် မြင်ကွင်းကို အကျယ်ကြီးပြပြီး တစ်ခါတရံတွင် မူ မျက်နှာပေါ်မှ အမူအရာကို ဖြစ်စေ၊လက်တုန်နေသည်ကို ဖြစ်စေ ကပ်ကပ်သတ်သတ်မြင်လာရစေရန် အနီးကပ်ပြတတ်ပါသည်။အသားပေးဖော်ပြသည့် သတင်းဆောင်းပါးကို ရေး သားသည့်အခါတွင် လည်း အလားတူနည်းစနစ်ကို အသုံးပြု နိုင်ကြပါသည်။

၃၊ စာရေးကောင်းလာစေရေးအတွက် အထွေထွေသိကောင်းစရာများ

၁၊ ဝါကျတိုများ ။ စာပိုဒ်တိုများ သာ ရေးပါ၊ဝါကျအများ စုမှာ စကားလုံး ၁၅လုံး၊ အလုံးနှစ် ဆယ် ဖြစ်စေ၊ ထို့ထက်နည်းပြီး ဖြစ်စေသော ပါရှိသင့်ပါသည်။အချို့ ဝါကျများ ဆိုလျှင် ဆယ်လုံးထက်ပင် နည်းနေသင့်သည်။ အသက်တစ်ခါရှုက်ပြီးနောက် တစ်ဝါကျလုံးကို ဖတ်နိုင်နေသင့်ပါသည်။

ဝါကျရှည်များ သည် စာဖတ်သူ လိပ်ပတ်လည်ဖို့ ခဲယဉ်းနေတတ်ပါသည်။ အလားတူပင် နားထောင်သူအတွက်လည်း နားလည်ရခက်သွားစေတတ်ပါသည်။ ဝါကျကသိပ်ရှည်လွန်းနေလျှင် ပြည့်စုံသော ဝါကျနှစ် ကြောင်း ဖြစ်အောင် ခွဲထုတ်ပါ။ အရေး မကြီးသော စကားလုံးများ ကိုလည်း သန့်ထုတ်ပါ။

၂၊ ကတ္တားဟော ဝါကျများ ကိုသာရေးပါ၊ ကံဟောဝါကျများ ကို မရေးမိပါစေနှင့် ၊ ကတ္တားဟောဝါကျများ မှာ တိုက်ရိုက်သဘောပိုဆောင်ပြီး စကားပြောလည်း ပိုဆန်ပါသည်။ ဝါကျအများ စုသည် "လူ တစ်ယောက် က တစ်ခုခုကို လုပ်လိုက် ပါသည်" ဟူသော ပုံစံမျိုး သာ

ဖြစ်သင့်ပါသည်။"တစ်ခုခုကို လူ တစ်ယောက် က လုပ်လိုက်သည်" ဟု မရေး ပါနှင့် ။

၃၊ လပ်ရှားမကိုဖော်ဆောင်သော 'ကိယာများ ကိုသုံးပါ။"လူ တစ်ယောက် က တစ်ခုခုကို လုပ်လိုက်သည်" ဟူသော ပုံစံကို လိုက်နာပါ။ ဥပမာ - "ပို့ကုန်တင်သွင်းမှု သည် ယမန်နှစ် က ၁၅ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပါသည်" ဟုရေး ပါ။ "ယမန်နှစ် က ပို့ကုန်တင်သွင်းမှု တိုးပွားနှုန်းမှာ ၁၅ရာခိုင်နှုန်း ဖြစ်ပါသည်" ဟု မရေး ပါနှင့် ။

၄၊ လူတိုင်းနားလည်နိုင်သည့် အများ သုံးနေကျစကားလုံးများ ကိုသာသုံးပါ၊ ဥပမာ - "ပေးအပ်သည်" က "ထည့်ဝင်သည်" ထက်လွယ်ကူရိုးစင်းပါးသည်။ "ကြွသည်" ထက်"သွားသည်" က ပိုပြီးအဆင်ပြေပါသည်။ နလုံးသွင်းအပ်သည်မှာ မိမိ၏ စာဖတ်သူအများ စုသည် မိမိလောက် ပညာအရည်အချင်း သိပ်မရှိနိုင်ကြသော အချက်ကိုပင် ဖြစ်သည်။ လွယ်ကူရိုးစင်းသော စကားလုံးများ ကို အသုံးပြုလျှင် လူတိုင်းက မိမိပြောတာကို နားလည်ပါလိမ့်မည် ။

၅၊ နည်းပညာဝေါဟာရများ ။ ပညာရှင်ဆန်သော စကား'ကြီးစကားကျယ်များ ။ ရှုံးသုံးဗန်းစကားများ ကို ရှောင်ကြဉ်ပါ၊မိမိကိုယ် မိမိပြန်မေးပါ။ "ထိန်းထားနိုင်သော ဖွံ့ဖြိုး တိုးတက်မှု ဆိုတဲ့စကားလုံးရဲ့ အဓိပ္ပာယ်က ဘာလဲ"လို့ လမ်းမှာ တွေ ့တဲ့သူဆယ်ယောက် ကို မေးကြည့်မယ်ဆိုရင် သူတို့ဖြေနိုင်ကြမှာ လား" ဟူ၍ ပင်။သို့မဟုတ်ပါကလည်း မိမိကိုယ်မိမိ ပြန်မေးကြည့်ပါဦး။ ငါသာ ရွာတစ်ရွာမှာ နေထိုင်နေပြီး "၁၉၄၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၄" ဆိုတာကို ကြားလိုက်တဲ့အခါ "ပုဒ်မ ၁၄" က ဘာကို ဆိုထားတယ်ဆိုတာ သိနိုင်ပါ့မလားဟူသော မေးခွန်းမျိုး ဖြစ်သည်။

၆၊ "အဲတော့ ဘာ ဖြစ်လဲ" ဟူသော မေးခွန်းကို မေး ဖြစ်အောင်မေးပါ၊ မိမိကိုယ်မိမိ ပြန်မေးပါ။ လူတွေ က သည်ကိစ္စကို ဘာ ဖြစ်လို့ စိတ်ဝင်စားမှာ လဲဟု ဖြစ်သည်။ ဤသတင်းကလူတို့အား ဘယ်လိုစိတ်ဝင်စားသွားစေမှာ လဲ၊ သို့မဟုတ် ဘယ်လိုအကျိုး သက်ရောက်သွားမှာ လဲ။ မိမိကစာဖတ်သူကို ဖြစ်စေ၊ သော တရှင်ကို ဖြစ်စေ မိမိအတွက် အချိန်ပေးခိုင်းနေပါသည်။ သူတို့အတွက် မိမိကိုအချိန်ပေးရခြင်းကိုက အလုပ်ကြီးတစ်ခု ဖြစ် သွားပါပြီ။ ထိုအချိန်ကို မဖြုန်းပါနှင့် ။

၇၊ ဘေးကထိုင်ပြောနေသော လေသံကို အသုံးပြုပါ၊ပုံနှိပ်စာအတွက်ရေး နေသည် ဖြစ်ငြား မိမိရေး လိုက်သော ဇာတ်လမ်းကို အသံထွက်ပြီး ဖတ်ကြည့်သင့်ပါသည်။ ပုံမှန်အတိုင်း နားထောင်ကောင်းနေပြီး ဖတ်လို့လည်း လွယ်နေသင့်ပါသည်။ ကိုယ်ရေး ထားသော ဝါကျများ ကို ကိုယ်တိုင်ထစ်ထစ်ငေါ့ငေါ့ဖတ်နေရသည်ဆိုလျှင် စာဖတ်သူအတွက် ဖတ်ရခက်နေလေတော့မည် မှာ သေချာနေပါသည်။

၈၊ ဝါကျတိုင်းသည် ဇာတ်လမ်းအတွက် တစ်ခုမဟုတ်တစ်ခုကို ဖြည့်စွက်ပေးနေသင့်ပါသည်၊မိမိရေး ထားသမျှကို ဖြတ်ထုတ်လိုစိတ် ရှိနေပါစေ။ စာပိုဒ်တစ်ပိုဒ်ရေး ပြီးတိုင်း "သည်သတင်းအချက်အလက်က ဇာတ်လမ်းအတွက် လိုလို့လား" ဟု မိမိကိုယ်မိမိ ပြန်မေးပါ။ မိမိထံတွင် ထိုသတင်းအချက်အလက် ရှိနေသည့်အတွက် သက်သက်ကြောင့် ထည့်သွင်းထားမိခြင်းလား။ ပါရှိပြီးသား သတင်းအချက်အလက်ကို ထပ်ပြောသလိုများ ဖြစ်နေသလား။

၉၊ စာပိုဒ်တစ်ပိုဒ်စီက နောက်စာပိုဒ်ထဲသို့ စီးဝင်နေပါစေ၊မိမိကိုယ်မိမိ ပြန်မေးပါ။ "ဤအယူအဆအတွေ းအခေါ်များ မည် သို့ မည် ပုံ ဆက်စပ်လျက်ရှိပါသလဲ။"အတွေ းတစ်ခုသည် ရှေ့မှအတွေ းတစ်ခုနှင့် ကျိုး ကြောင်းဆီလျော်စွာ ဆက်စပ်လျက်ရှိပါရဲ့ လား။အပိုင်း (၁) ဇာတ်လမ်းတစ်ပုဒ်ကို ကြို တင်ပြင်ဆင်ခြင်းနှင့် ဖန်တီးခြင်း ၂၁ကူးပြောင်းချိတ်ဆက် ဝေါဟာရများ ကို သုံးခြင်းက တစ်ခါတရံ အထောက်အကူပြုတတ်ပါသည်။ ဥပမာ- ထို့နောက်၊ လည်း၊ သော် ငြားလည်း၊ မတိုင်မီ၊ သို့ သော်၊ မည် သို့ ပင်ဆိုစေကာမူ၊ စဉ်အတွင် း၊ထိုအတောအတွင် း စသည်များ ဖြစ်သည်။

၁၀၊ စကားပိုများ နှင့် လွန်ကဲသော ဝေါဟာရများ ကို ရှောင်ကြဉ်ပါ၊"အမှန်စင်စစ်"၊ "စကားမစပ်"၊ "သိတော် မူကြသည့်အတိုင်း" စသော စကားမျိုး ကို ဆိုလိုပါသည်။

၁၁၊ အကိုးအကားများ ကို အသုံးပြုခြင်းလူတို့က ဇာတ်လမ်းကို အသက်ဝင်လာစေပါသည်။ ထို့ကြောင့် လည်း ပြောစကားများ ကို ကိုးကားရခြင်း ဖြစ်သည်။

အသံတစ်သံ ထပ်မံဖြည့်စွက်ပေးခြင်း၊ လူကိုယ်တိုင် ပါဝင်လာအောင် ရုပ်လုံးဖော်ပေးခြင်း ဖြစ်လေသည်။

၁၂၊ တိကျခိုင်လုံမက အထူးအရေကြီးလှပါသည်၊သူတို့၏ ပြောစကားများ ကို ပုံနှိပ်စာလုံးဖြင့် ဖော်ပြသည့်အခါတွင် လူအတော် များများ က အမှာ းမခံလိုတတ်ကြပါ။ ကိုယ်တိုင်ပြောလိုက်သော စကားပင် ဖြစ်လင့်ကစား လူအများ ရှေ့တွင် မူ ထိုစကားကိုကိုယ်တိုင်ပင် မနှစ်သက် နိုင်သလို ဖြစ်သွားရတတ်ပါသည်။ လူ တစ်ယောက် က ပြောလိုက်သော စကားလုံးအတိုင်း အတိအကျပြန်လည်ဖော်ပြရန် မစွမ်းသာတော့ပါက မိမိစကားနှင့် မိမိ ပြန်ရေး ၊ ပြန်ပြောပြဖို့လိုပါသည်။

၁၃၊ အကိုးအကားများ ကို သင့်တင့်လျောက်ပတ်သော စကားစပ်တွင် ထည့်သွင်းပါ၊တိကျခိုင်လုံမှု ၏ တစ်စိတ်တစ်ပိုင်းမှာ စကားစပ် ဖြစ်သည်။ အဆောက်အအုံဟောင်းတစ်ခုအားပျက်စီးသွားစေသော မီးအကြောင်း တစ်ယောက် ယောက် က ပြောပြသည့်အခါ ''သည်မီး ကတော့စိတ်မကောင်းစရာတစ်ခု ဖြစ်သလို ရာဇဝတ်မှု ဆိုရင်လည်းမမှာ းဘူး'' ဟု ပြောလိုက်သည်ဆိုပါစို့။မိမိပြန်ရေး သည့် စကားစပ်တွင် ''သည်မီး'' ဟူသော စကားလုံး၏ အနက်ကို မပျက်မယွင်းရှင်းလင်းစွာ ရှိနေအောင် အားထုတ်ရန်လိုအပ်ပါသည်။

၁၄၊ အကိုးအကားများ ကို ဂရုစိုက်၍ချက်ကောင်း=ဖင့်အသုံး=ပုပါ၊ အကိုးအကားတစ်ရပ်သည် ကိစ္စတစ်ခုကို ပိုမိုလေးနက်သွားစေသင့်ပါသည်၊ သို့ မဟုတ်ပါကလည်း ပိုမိုရှင်းလင်းသွားစေသင့်ပါသည်။ ယေဘုယျသဘော ပြောဆိုလိုက်ခြင်းကို ဖြစ်စေ၊ တစ်ခုခုအား အသေးစိတ်ဖော်ပြခြင်းကို ဖြစ်စေ အကိုးအကားဖြင့် နမူနာပေးနိုင်ပါသည်။ အကိုးအကားတစ်ခုသည် ပုဂ္ဂိုလ်ရေး ဆိုင်ရာ မှတ်ချက်တစ်ရပ်ကို ပေးနိုင်ပါသည်။ ထို့အပြင် မိမိဖော်ကျူး နိုင်သည်ထက် ခံစားချက်တစ်ရပ်ကိုပိုပြီး ပြဆိုနိုင်ပါသည်။ အခြေခံအကြောင်းအချက်ကို ပေးရန်မျှအတွက် အကိုးအကားကို မသုံးသင့်ပါ။သို့ တည်းမဟုတ် ပြောပြီးသားသတင်းအချက်အလက်ကို ထပ်ပြောရာရောက်သည့် အကိုးအကားမျိုး ဖြစ်နေလျှင်လည်း မသုံးသင့်ပါ။ ထိုသို့

သုံးမိသွားတတ်ခြင်းမှာ စာနယ်ဇင်းဆရာများ အားလုံးအတွက်ပြဿ နာကြီးပင် ဖြစ်ပါသည်။ "သင်တန်းက အင်္ဂါနေ့ကျရင်စမယ်" ဟု ပြောလိုက်သော စကားကို ဘာလုပ်ဖို့ထည့်ကိုးကားနေမည် နည်း။ ထိုအစား အကိုးအကားဖြင့် ဇာတ်လမ်းကို ဆက်ဖော်သွားရုံပင် ဖြစ်ပါသည်။

၄၊ မိမိကိုယ်မိမိ ပြန်မေးသင့်သော မေးခွန်းများ မိမိဇာတ်လမ်းကို အဆီအငေါ်တည့်အောင်စီစဉ်ခြင်းနှင့် မိမိ၏ အပြုအမူ၊ မိမိ၏ ဆောင်ရွက်ချက်တို့နှင့် ပတ်သက်ပြီး မည် သို့ မည် ပုံလုပ်ဆောင်ရမည် ဆိုခြင်းအတွက် အခြေခံလိုအပ်ချက်များ ရှိပါသည်။ဇာတ်လမ်းကို ရေး သားပြီးစီးသွားသည့်အခါ မိမိကိုယ်မိမိ မည့္သာပါနှင့် ။ ကိုယ်ရေး ထားသည်ကို ကိုယ့်ဘာသာ ပြန်စစ်ပြီးနောက် အောက်ပါတို့ကို ကိုယ့်ဘာသာပြန်မေးကြည့်ပါ။

၁၊ ခိုင်လုံမှု မိမိ၏ ဆောင်းပါးထဲက အရာအားလုံး လုံး၀ တိကျရဲ့ လား။ မိမိအသုံးပြုထားသော သတင်းဇာစ်မြစ်များ ခိုင်လုံပြီး ယုံကြည်စိတ်ချထိုက်ရဲ့ လား။ မေးခွန်းများ မေးသည့်အခါ အဖြေများ ကို မိမိ နားလည်အောင် လုပ်ပါ။နေ့စွဲများ ၊ အမည် များ ၊ ရာထူးများ ၊ နေရာဒေသ စာလုံးပေါင်းများ စသည်တို့ကို နှစ် ခါပြန်စစ်ပါ။ကိန်းဂဏန်းများ ကို ပေါင်းထားပြီးနောက် သင်္ချာအတွက်အချက်လည်း မှန်ကန်နေပါစေ။ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်ပါ။ စာဖတ်သူက သည်ဇာတ်လမ်းကို ယုံမှာ လား။ စာဖတ်သူက ငါ့ကိုယုံကြည်ကိုးစားမှာ လား။

၂၊ မဍ္ဍတမှု မည် သည့်ဇာတ်လမ်းမှ တစ်ဖက်သတ်မဟုတ်ပါ။ ဘက်ပေါင်းစုံမှ စဉ်းစားခဲ့ပြီးပြီလား။ ဤအပိုင်းသည်အပြည့်အ၀သတိထားမိရန်နှင့် မိမိကိုယ်မိမိပြန်စစ်ရန် အခက်ခဲဆုံး အပိုင်းတစ်ပိုင်း ဖြစ်ပါသည်။ လူတိုင်းလူတိုင်းမှာ အစွဲလေးတွေ ၊ ဘက်လိုက်မှု လေးတွေ ရှိနေတတ်ပါသည်။သို့ရာတွင် မိမိ၏ အယူအဆသည် ဇာတ်လမ်းနှင့် ဘာမှမဆိုင်ပါ။ ထို့ကြောင့် ချန်ထားလိုက်ပါ။ဘက်ပေါင်းစုံကို မျှတစွာ ကိုင်တွယ်ပါ။ ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်ပါ။ စာဖတ်သူက ငါ့ကို ယုံကြည်ကိုးစားမှာ လား။ စာဖတ်သူက ငါဘက်လိုက်တတ်တယ်လို့များ ထင်သွားမလား။

၃၊ စိတ်၀င်စားမှု ဇာတ်လမ်းကို ရှာပါ။ အားပြိုင်မှု ပဋိပက္ခက ဘယ်မှာ လဲ။

ဇာတ်လမ်းထဲတွင် ခွန်အားတွေ ဖန်တီးပေးပါ။ကံဟောဝါကျများ ဖြင့် သာ အမြဲတန်းရေး ပါ။ ကိုယ့်ကိုယ်ကိုယ်ပြန်မေးကြည့်ပါ။ စာဖတ်သူက စိတ်ဝင်စားမှာ လား။

၄၊ အချိန်မီခြင်းဒါက အခု စိတ်ဝင်စားဖို့ကောင်းနေရဲ့ လား။

သတင်းဟောင်းသည် သတင်းမဟုတ်ပါ။ သတင်းဇာတ်လမ်းသည် လတ်တလော ဖြစ်ရပါမည် ။ လွန်ခဲ့သည့် ခြောက်လက ဖြစ်ပွားခဲ့တာမျိုး မ ဖြစ်ရပါ။ကိုယ့်ကိုယ်ကိုယ်ပြန်မေးကြည့်ပါ။ အသစ်တစ်ခုကို ငါပြောနေတာ ဟုတ်ရဲ့ လား။

၅၊ အဖွင့်ပထမဆုံးစာပိုဒ်သည် အဖွင့်ဖြစ်သည်။ အဖွင့်က စာဖတ်သူ၏ အာရုံကို ဖမ်းဆုပ်နိုင်ရမည် ။ သို့ မှသာသူ ဆက်ဖတ်ပေလိမ့်မည် ။ စာဖတ်သူအနေဖြင့် "အဲတော့ဘာဖြစ်သေးလဲ" ဟု မတွေ းမိသွားစေချင်ပါ။ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်ပါ။ စာဖတ်သူက စိတ်ဝင်စားနေပြီး အာရုံစိုက်နေမှာ လား။ စာဖတ်သူကအဆုံးအထိ ဆက်ဖတ်ချင်ပါ့မလား။

၆၊ ဖွဲ့စည်းပုံမိမိ၏ ဆောင်းပါးက အဓိပ္ပာယ်ရှိရဲ့ လား။ လွယ်လွယ်ကူကူ ဖတ်လို့ရကာ လွယ်လွယ်ကူကူ သဘောပေါက်နိုင်ပါသလား။ ရှုပ်ထွေးနေသလား။ အရေးကြီးသော အချက်အလက်များ ကို ရှေ့ဆုံးမှာ ဖော်ပြထားရဲ့ လား။ အာရုံစိုက်စရာ အချက်ရောပါရဲ့ လား။ ရှင်းလင်းသော အကြောင်းပြချက်ရောပါရဲ့ လား။ ကိုယ့်ကိုယ်ကိုယ်ပြန်မေးကြည့်ပါ။ စာဖတ်သူ လွယ်လွယ်ကူကူ လိုက်နိုင်ရဲ့ လား။ ဆုံးတဲ့အထိ စာဖတ်သူတွေ အတွက် စိတ်ဝင်စားစရာ ကောင်းနေရဲ့ လား။

၇၊ အကိုးအကားများ လူတွေ ကို ငါ မှန်မှန်ကန်ကန် ကိုးကားထားမိရဲ့ လား။ အကိုးအကားတွေ လုံလောက်ရဲ့ လား။ ဆီလျော်သော အကိုးအကားများ ကို ငါရွေးထားမိရဲ့ လား။ အကိုးအကားတွေ က စိတ်ဝင်စားစရာရော ကောင်းရဲ့ လား။ငါ ကိုးကားထားတဲ့အထဲမှာ လူပုဂ္ဂိုလ်အမျိုး မျိုး လိုသလောက်ပါရဲ့ လား။ နှစ် ဖက်စလုံးကို မျှမျှတတကိုယ်စားပြုနေပါရဲ့ လား။ အဖြတ်အတောက်၊ ပုဒ်ဖြတ်၊ ပုဒ်ရပ်တွေ ကိုရော မှန်မှန်ကန်ကန် သုံးထားပါရဲ့ လား။ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်ပါ။ ဘက်ပေါင်းစုံမှ စကားတွေ ကို စာဖတ်သူ ကြားလိုက်မှာ လား။ တချို့ စကားတွေ က ကိုးကားထားတာတွေ မှန်း စာဖတ်သူက သိနေပါ့မလား။

၈၊ အသေးစိတ်အသေးစိတ်တွေ လိုသလောက် ပါရဲ့ လား။ ရုပ်ပုံလွှာကို အရောင် ခြယ်ပြီးပြီလား။ အနံ့ အထိအတွေ့ ၊အရသာ၊ ပတ်ဝန်းကျင်၊ အရောင် ၊ ပုံသဏ္ဍာန်တွေ ပါရဲ့ လား။ ယေဘုယျပြောဆိုထားခြင်းများ ကိုကိန်းဂဏန်းတွေ ၊ အချက်အလက်တွေ ဖြင့် ပံ့ပိုးပေးထားရဲ့ လား။ စာရင်းအင်းတွေ ရော ပါသလား။ ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်ပါ။ စာဖတ်သူက အ ဖြစ်အပျက်ကို မျက်လုံးထဲမှာ မြင်ယောင်ကြည့်နိုင်သွားမှာ လား။ စာဖတ်သူအတွက် သည်ကိစ္စကို နားလည်သဘောပေါက်လောက်တဲ့ သတင်းအချက်အလက်တွေ ရော ပြည့်ပြည့်စုံစုံပါရဲ့ လား။

၉၊ နောက်ကြောင်းသင့်လျော်သော နောက်ခံဇာတ်ကြောင်းကို ပေးပါ။ သမိုင်း၊ စကားစပ် (ဇာတ်လမ်း ဖြစ်ပေါ်လာပုံ)၊အကြောင်းရင်းများ အား ရှင်းလင်းချက်၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းဆိုင်ရာ အကြောင်းအရာများ ကိုဆိုလိုပါသည်။ ဒေသဆိုင်ရာ ကိစ္စကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြင်ပြနိုင်ရဲ့ လား။ တစ်နိုင်ငံလုံးကိစ္စကိုရော ဒေသဆိုင်ရာအမြင်ဖြင့် မြင်ပြနိုင်ရဲ့ လား။ကိုယ့်ကိုယ်ကိုယ်ပြန်မေးပါ။ စာဖတ်သူက သည်ဇာတ်လမ်းရဲ့ ထူးခြားမှု ကို နားလည်သဘောပေါက်သွားမှာ လား။

၁၀၊ ရှင်းလင်းမှု သာမန်စာဖတ်သူများ နားလည်လောက်သည့် ဝေါဟာရများ ကို သုံးပါ။ ဝါကျများ ကို တိုတိုပဲ ရေး ပါ။စိတ်ဝင်စားစရာအချက်ကို တန်းခနဲနေအောင်ပြပါ။ ရှုပ်ထွေးပွေလီသော အယူအဆ သဘောတရားများ ကို ရှင်းလင်းလွယ်ကူသွားအောင်လုပ်ပါ။ ကိုယ့်ကိုယ်ကိုယ် ပြန်မေးပါ။ စာဖတ်သူက သည်ဇာတ်လမ်းတစ်ပုဒ်လုံးကို နားလည်သဘောပေါက်သွားမှာ လား။

♥ ♥ ♥